# အမည်

# မဖေါ်လိုသူ

# အချစ်

## မင်းလူ



ကံ့ကော်ဝတ်ရည်

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ISBN 978-99986-52-88-0
K0565
9 789998 652880 >

mgyoe.com

COVERDESIGN : NAYMYOSAY

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ၂၀၀၀ ခုနှစ်၊ နတ်သမီးစာအုပ်တိုက်။

ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - ဦးကျော်ငွေးမင်း၊ အောင်သိန်းသန်း ပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးလပြည့်ဝေး၊ လပြည့်လင်းပုံနှိပ်တိုက် (၀၀၃၆၉)
အမှတ်-၁၁(H)၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- နေမျိုးဆေး

တန်ဖိုး - ၁၀၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK



# အမည်မဖော်လိုသူ အချစ်

မင်းလူ

mgyoe.com

mgyoe.com SAMPLE BOOK

ဝန်ခံချက်

ဤစာအုပ်တွင် အချို့သော ဓာတ်ကွက်ကလေးများမှာ ကျွန်တော်၏ ဝတ္ထုတိုများမှ တစ်စိတ်ပိုင်း ထုတ်နုတ် အသုံးပြုထားခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com .SAMPLE BOOK

## (၁)



ဒီလို အိပ်မက်မျိုး နေ့စဉ်မက်လျှင် ကောင်းမည်ဟု အိပ်မက်ထဲမှာပင် တောင့်တမိလေသည်။ အိမ်မက်ထဲမှာတောင် တကယ် မဟုတ်မှန်း၊ အိပ်မက် မက်နေခြင်းသာ ဖြစ်မှန်း သိနေ၏။ ဒါကို ကြည့်လျှင် အပြင်မှ တကယ် အခြေအနေက သူ့ကို ဘယ်လောက် လွှမ်းမိုးထားမှန်း သိသာ၏။

အိပ်မက်ထဲမှာတော့ သူသည် သူ့မိန်းမ မမွေးကို တံမြက်စည်းနှင့် လိုမ့်ရိုက်နေ၏။ အပြင်မှ တစ်ခါမှ မရိုက်ဖူးသဖြင့် အိပ်မက်ထဲမှာ တော်တော် အရသာရှိသည်၊ တစ်ခု ရှိတာက အသားကို ရိုက်ရတာနဲ့မတူဘဲ မွှို့အိတ်ကြီးကို ရိုက်ရသလိုမျိုး ဖြစ်နေခြင်း၊ အသံကလည်း ရုပ်ရှင်ထဲမှာ အထူးပြုလုပ်ချက် ထည့်ထားသလိုမျိုး ဂျိမ်းခနဲ ဂျိမ်းခနဲ မြည်နေ၏။ နောက်ခံ သည်းထိတ်ရင်ဖို တီးလုံးတွေလည်း ကြားနေရသေးသည်။

မမွေးသည် လုံးဝတုံ့ပြန်တိုက်ခိုက်ခြင်း မရှိ။ ကြမ်းပေါ်မှာ ခေါင်းငုံ့ဝပ်ဆင်းပြီး လုပ်သမျှ ခံနေသည်။ ပါးစပ်ကလည်း “ကျွန်မ သေသင့်ပါတယ်” ဆိုသော စကားကို တရုတ်လို ပြောနေ၏။ (တရုတ်လို ဟူ၍သာ သိသည်၊ စကားလုံး အတိအကျကို မသိ၊ အဓိပ္ပာယ်တော့ နားလည်နေသည်)။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မ သေသင့်ပါတယ်"

"မှတ်ပြီလားဟဲ့"

"ကျွန်မ သေသင့်ပါတယ်"

"မှတ်ပြီလားဟဲ့"

မမွှေးသည် မောလည်းမော၊ စိတ်လည်း တိုနေ၏။ မနက်လေးနာရီ ထပြီး မုန့်ဟင်းခါးဆိုင် ဖွင့်ဖို့ ပြင်ဆင်၊ ငါးနာရီလောက် ဆိုင် စထွက်၊ တစ်မနက်ခင်းလုံး ရောင်းခဲ့ရတာ ကိုးနာရီ၊ ဆယ်နာရီမှပင် လက်စသတ်နိုင်သည်။

ဒီနေ့ဆိုလျှင် လလယ်ရက်မို့လား မသိ၊ အရောင်းတော်တော်ပါးသည်။ ဆယ့်တစ်နာရီထိုးခါနီးမှ ဆိုင်သိမ်းနိုင်၏။ တကယ်ဆိုလျှင် မနက်ကိုးနာရီလောက် ကတည်းက ကိုအောင်ထူး ရောက်လာသင့်သည်။ ခုတော့ မုန့်ဟင်းခါး ကုန်ပြီး တစ်အောင့်ကြာအောင် ထိုင်စောင့်သော်လည်း ပေါ်မလာ။

ထို့ကြောင့် ကိုယ့်ဘာသာပင် ဆိုင်သိမ်းရသည်။ အိမ်ကို ပြန်သယ်ရမည့် ပစ္စည်းတွေထဲက တချို့ကို လက်ဆွဲခြင်းနှစ်လုံးထဲ ထည့်၊ တချို့ကို တောင်းကြီးထဲ ထည့်ရသည်။ ခြင်းနှစ်လုံးကို တစ်ဖက်စီဆွဲ၊ တောင်းကို ခေါင်းမှာ ရွက်ပြီး တစ်ယောက်တည်း ပြန်လာရသည်။

လက်ဖက်ရည်ဆိုင်ရှေ့က အဖြတ်မှာ ထုံးစံအတိုင်း ဆိုင်ထိုင်ပြီး တမေ့တမော စကားပြောနေသလားဟု လှမ်းငဲ့ကြည့်သေးသည်။ ဆိုင်မှာလည်း မတွေ့။ ပစ္စည်းတွေကလည်း အတော် လေးသဖြင့် လမ်းတစ်ဝက်မှာပင် တဟိုက်ဟိုက် မောနေပြီ။ မောလေ စိတ်တိုလေ ဖြစ်သည်။

အိမ်ပေါ်တက်လိုက်သောအခါ ပိုပြီး ဒေါသ ထွက်လာရလေသည်။ ကိုအောင်ထူးသည် အိမ်ရှေ့ခန်းက ပက်လက်ကုလားထိုင်ပေါ်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။ ပါးစပ်ကလည်း လှုပ်လှုပ်ရွရွ ဘာတွေမှန်းမသိ ယောင်ပြီး ရေရွတ် နေ၏။

"ကိုအောင်ထူး"

mgyoe.com

SAMPLE BOOK

မမွေးက ခေါ်လိုက်သည်။ လှုပ်တောင် မလှုပ်။ မမွေးသည် လက်ဆွဲခြင်း နှစ်လုံးကို ကြမ်းပေါ်ချသည်။ ခေါင်းပေါ်က တောင်းကြီးကို မ,ယူပြီး ကိုအောင်ထူး ခေါင်းပေါ် ဆောင့်တင်လိုက်ရင်း...

"ကိုအောင်ထူး"

ဟု အသံကုန်အော်လိုက်၏။ ဒီတော့မှ လန့်နိုးလာသည်။

"ဟာ... ဘယ်လိုဖြစ်"

ပြောရင်း စောင်းကျလာသော တောင်းကြီးကို ဖမ်းထိန်းလိုက်ရ၏။

"ကဲ... မှတ်ပြီလား၊ ကျုပ် ဆိုင်သိမ်းချိန် လာမကြိုဘဲနဲ့ ဒီမှာ လာသေနေရ သလား"

ကိုအောင်ထူးသည် ယောင်ယောင်ကန်းကန်း ဖြစ်နေဆဲမို့ ခေါင်းပေါ်မှာ တောင်းကြီးကို ရွက်နေလျက်ကပင်...

"ငါ မှေးခနဲ ဖြစ်သွားလို့ပါကွာ"

မမွေးက ခါးထောက်လိုက်ပြီး...

"ဘာ... မှေးခနဲ ဟုတ်လား၊ တယ်တော်တယ်၊ ဟင်း... တော်တော် တော်တဲ့ ယောကျ်ား၊ ကျုပ်မှာဖြင့် စျေးရောင်းရတာက တစ်ဖက်၊ ချက်ရ ပြုတ်ရ တာက တစ်ဖက်၊ ယားတာတောင် အောင့်ထားပြီး အားမှ စုကုတ်ရတယ်"

ကိုအောင်ထူးသည် အခုမှ တောင်းကြီးကို သတိရပြီး ကြမ်းပေါ် ချသည်။ ထို့နောက်...

"ဟဲဟဲ... ခုကော ယားသေးလား"

"ဘာပြောတယ်"

"ဩော်... ယားရင် ကုတ်ပေးမလို့ပါ"

"ရှင့်လို လက်ကြောမတင်းတဲ့ လက်နဲ့ကုတ်လို့ကတော့ အယားမပြေဘဲ ပိုတောင် ယားလာဦးမယ်၊ တကတဲ... ရှင့်မှာ လုပ်စရာဆိုလို့ ကျုပ် ဆိုင်ဖွင့်ချိန်၊ ဆိုင်သိမ်းချိန် လာကူရုံကလေးပဲ ရှိတယ်၊ ဒါတောင် အဆင်ချောအောင် လုပ်မပေး နိုင်ဘူး"

"စျေးဝယ်တဲ့အခါ၊ မုန့်ဟင်းခါး ချက်တဲ့အခါ ဝင်ကူပါသေးတယ်ဟာ"

"အဲဒီအခါကျတော့ကော ငှက်ပျောအူလေးတစ်တုံးကိုတစ်နာရီလောက် ကြာအောင် အချိန်ဆွဲပြီး လှီးတာ မဟုတ်လား၊ ပြီးတော့ လုပ်တာက နည်းနည်း၊ ညောင်းတယ် ကိုက်တယ် ဆိုတာက များများ"

mgyoe.com

"မုန့်ဟင်းခါး ကိစ္စမှ ငါ ဝါသနာမပါဘဲ"

"ဩ... ဘယ်သူက ဝါသနာပါလွန်းလို့ လုပ်နေလို့လဲ၊ ကိုယ့်ကို ထမင်းကျွေးနေတဲ့ အလုပ်ပဲ ဝါသနာ ပါပါ မပါပါ လုပ်ရမှာပဲ"

ကိုအောင်ထူး ခေါင်းကုတ်ခြင်းဖြင့် မမွေး စကားကို ဆန့်ကျင်ဟန်ပြလိုက်၏။

"ကဲ... မုန့်ဟင်းခါး ဝါသနာမပါလဲ တခြားအလုပ်ကို တစ်ခုခု ရှာပါဆိုတော့ အီလေးအာလေး ဆွဲနေတယ်"

"ဟ... ငါစာတွေရေးနေတာ မင်းအမြင်ပဲ၊ တစ်နေ့ ငါအောင်မြင်တဲ့ စာရေးဆရာ ဖြစ်လာရင် မင်းဘာမှ လုပ်စရာမလိုဘူး၊ ဇိမ်နဲ့ ထိုင်စားရုံပဲ"

"ဟင်း... ရှင့် အောင်မြင်မှာကို စောင့်ပြီး စားရရင် ဘဝကူးသွားလိမ့်မယ်"

"ဩ... မင်းက လူကို တယ်အထင်သေးတာပဲကိုး၊ အဲ... နေဦး ခုပြောရင်းဆိုရင်း စိတ်ကူးတစ်ခု ရလာပြီ၊ မုန့်ဟင်းခါးသည် တစ်ယောက်နဲ့ တွေ့ဆုံခြင်း ဆိုပြီး မင်းကို အင်တာဗျူးလုပ်မယ်၊ မုန့်ဟင်းခါး ဘယ်လို ချက်သလဲ၊ တစ်နေ့ ဘယ်လောက်ဖိုး ရောင်းရသလဲ၊ မင်းက ဖြေပေါ့"

"အဲဒါ ဘာများ ထူးဆန်းလို့လဲ"

"နေဦးလေ ဒီအတိုင်းကတော့ ဘယ်ထူးမလဲ၊ စာနယ်ဇင်းပညာအရ နည်းနည်း ထူးအောင် မိတ်ကပ်လုပ်ရမှာပေါ့"

"အို... ဒီအရွယ်ကြီးကျမှ မိတ်ကပ်လုပ်ရမယ်လို့"

"ဟာ... မိတ်ကပ်လိမ်းတာကို ပြောတာ မဟုတ်ဘူး၊ ဟိုသင်း... အဲ... ဒီလိုကွာ... ငါက မင်းရဲ့ မုန့်ဟင်းခါးက လျှို့ဝှက်တဲ့ နည်းတစ်နည်းနဲ့ ချက်ထားတာလို့ ရေးလိုက်မယ်။ ဘာနည်းလဲ ဆိုတာတော့ ပြိုင်ဘက်တွေ လိုက်လုပ်မှာ စိုးလို့ မပြောနိုင်ဘူးပေါ့ကွာ"

"ကျုပ်မှာ ဘာပြိုင်ဘက်မှ မရှိဘူး၊ ဒီအနီးအနားမှာ ကျုပ် တစ်ဆိုင်ပဲ ရှိတယ်၊ ကောင်းလဲ စား မကောင်းလဲ စားပဲ"

"ဒါက သက်သက် လူစိတ်ဝင်စားအောင် လုပ်တာပေါ့ကွာ၊ အဲဒါဆို ဒီစာမူကို ဂျာနယ်က ကျိန်းသေ ထည့်မှာပဲ၊ ဘယ့်နှယ်လဲ"

"တော်စမ်းပါ... ကိုယ့်အလုပ်နဲ့ ကိုယ် မအားရတဲ့ ကြားထဲ"

mgyoe.com

 SAMPLE BOOK 

"မင်းဆိုင်လဲ နာမည်ကြီးသွားမှာနော်၊ စားတဲ့ သောက်တဲ့လူတွေလဲ ပိုများလာမယ်"

"အမယ်လေး... ဒီလောက် ရောင်းရတာပဲ တော်ပါပြီ၊ ဒီထက် ပိုရောင်းရရင်လဲ တစ်နေ့လုံး ဆိုင်ထွက်နေရတာနဲ့ပဲ သေလိမ့်မယ်။ ရှင်သာ အလုပ်တစ်ခုခု အမြန်ဆုံး ရှာလုပ်ပါ။ ရှင့်ကို ဒီအတိုင်း အကြာကြီး ကျွေးမထားနိုင်ဘူး၊ ဒါပဲ"

မမွှေးက စကားပိတ်ပြောကာ လှည့်ထွက်သွားသည်။ ကိုအောင်ထူးက...

"မင်းစာတ်ပုံပါ ဂျာနယ်ထဲ ပါအောင် လုပ်ပေးမယ်လေ"

ဟု လှမ်းပြောလိုက်သေးသည်။ မမွှေးက–

"ရှင့်ဓာတ်ပုံသာ မှုခင်းသတင်းထဲ မပါအောင် သတိထားနေ"

ဟု လှည့်မကြည့်ဘဲ ပြန်ပက်သွားသည်။

♥

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၂ )



တကယ်တော့ ချွဲချွဲသည် ဒီရပ်ကွက်မှာ နေခြင်း မဟုတ်။ ဘတ်စကား မှတ်တိုင်တစ်တိုင် အကွာလောက်မှာ ရှိသော ရပ်ကွက်မှာနေခြင်း ဖြစ်၏။ ဟိုအရင်ကတော့ ဒီရပ်ကွက်မှာ နေဖူးသည်။ ထို့ကြောင့် အိမ်ပြောင်းသွားသော်လည်း ကြုံလျှင် ဒီဘက်ရပ်ကွက်ဆီ လှည့်လှည့်လာလေ့ ရှိ၏။ မမွေး၏ မုန့်ဟင်းခါးကို ကြိုက်သောကြောင့်လည်း တစ်ကြောင်းပေါ့။

သူ မုန့်ဟင်းခါးဆိုင်ဆီ အသွားမှာ ခြင်းတောင်း တစ်လုံး ဆွဲပြီး လျှောက်လာသော အမျိုးသမီးကြီးတစ်ဦးနှင့် ဆုံသည်။

"ဟော... အစ်မ ဈေးက ပြန်လာတာလား"

ချွဲချွဲက စ၍ နှုတ်ဆက်သည်။

"အေး... ဟုတ်တယ်"

"ဘာတွေ ဝယ်ခဲ့လဲဟင်"

ဆိုပြီး ခြင်းတောင်းထဲ ငုံ့ကြည့်သည်။ ဟင်းနုနယ်စည်းနှင့် ခရမ်းကြွပ်သီးလေးတွေသာ ပါ၏။ အမျိုးသမီးကြီးမှာ အနည်းငယ် အမ်းတမ်းတမ်း ဖြစ်သွားပြီးမှ...

mgyoe.com

m gyyoe.com  SAMPLE BOOK 

"ငါက မွေးနေ့တိုင်း သက်သတ်လွတ်စားတာ၊ ဒါကြောင့် အသီးအရွက်ပဲ ဝယ်လာတာ၊ သားငါးတွေကလဲ နေ့တိုင်းစားရတာ ငြီးငွေ့လာပါပြီဟယ်၊ တစ်ခါတလေ ခုလို စားရတာ ကောင်းတယ် ချွဲချွဲရဲ့"

"အင်း... ဟုတ်တာပေါ့၊ ဟုတ်တာပေါ့"

"ဒါနဲ့ ဘာသတင်းများ ထူးသေးလဲဟေ့"

"ထူးတယ် အစ်မရေ ထူးတယ်၊ အပြန်ကျမှ အစ်မအိမ်ကို ဝင်လာပြီး ပြောပြမယ်"

"အေး အေး... စောင့်နေမယ်၊ ငါတို့လဲ နင်လာမှပဲ သတင်းဆန်းဆန်းလေးတွေ ကြားရတာ"

"စိတ်ချ စိတ်ချ"

ပြောပြီး ချွဲချွဲ ဆက်လျှောက်လာခဲ့၏။ သူ့ခြေလှမ်းသည် စောစောကထက် ပိုသွက်နေသည်။ ဟုတ်ပ့ါ၊ ခုပဲ ပြောစရာ သတင်းစကား တစ်ခု ရပြီ မဟုတ်လား။

မုန့်ဟင်းခါးဆိုင် ဝင်ထိုင်လိုက်စဉ် မမွေးက...

"အမယ် ချွဲချွဲ ပျောက်ချက်သား ကောင်းလှချည်လား၊ ဘာလဲ... ပြောစရာ သတင်းတွေ ကုန်သွားလို့လား"

"ဘယ်ကလာ ကုန်ရမှာလဲ မမွေးရယ်၊ ပြောစရာတွေက ကွန်တိန်နာနဲ့ အပြည့်ရှိတယ်၊ အချိန်မီ မပြောနိုင်လို့ ရက်လွန်ပြီး ပုပ်သိုးသွားမှာတောင် စိုးရတယ်"

"ဒါဆိုလဲ လုပ်စမ်းပါဦး"

ဟု မုန့်ဟင်းခါး စားနေသော မပိုင်းခင်က ဝင်မေး၏။

"ပြီးတော့ ပြောပ့ါမယ်၊ အခု ဗိုက်ဆာလို့ မုန့်ဟင်းခါး တစ်ပွဲလောက် အရင်လုပ်စမ်းပါ၊ အီကြာကွေးနဲ့"

မမွေးက မုန့်ဟင်းခါး တစ်ပွဲ ပြင်ပေးသည်။ ချွဲချွဲ ကြက်သွန်ဥကြော်မှန်း သိသဖြင့် ဟင်းအိုးကိုမွှေပြီး ရှိလိုရှိငြား ရှာကြည့်သေးသည်။ ခုချိန်မှာ ကြက်သွန်ဈေးကြီးသဖြင့် အရင်လို အလုံးလိုက်မထည့်နိုင်၊ လေးစိတ်စိတ်ပြီး ထည့်ရသည်။ ဟင်းရည်က တော်တော်ကျနေပြီ ဖြစ်သဖြင့် ကြက်သွန်တွေ ကြေကုန်ပြီ။

"ကြက်သွန်ဥတော့ မရှိတော့ဘူးဟေ့"

မမွေးက ပြောရင်း မုန့်ဟင်းခါး ပန်းကန် လှမ်းပေးသည်။ ချွဲချွဲ လှမ်းယူ

mgyyoe.com

mgyoe.com

သည်။ ရေတ်သီးမှုန့် ခပ်မောက်မောက် တစ်ဇွန်း ထည့်ပြီး မွှေသည်။ မပိုင်းခင်က–

"ဧရာတ်သီးတွေ သိပ်မစားနဲ့ဟ၊ တော်ကြာ မပွင့်လို မီးယပ်ပိန် မီးယပ်ခြောက် ဖြစ်နေဦးမယ်"

"အဲတော့ စားပြီးမှ ပြောမလို့ဟာ၊ လာ အစဖော်ပေးနေတော့ မပြောဘဲ မနေနိုင်တော့ဘူး"

ချွဲချွဲက မုန့်ဟင်းခါး တစ်ဇွန်းစားသည်။ ပြီးတော့ ငံပြာရည်ပုလင်း ယူပြီး လေးငါးဆယ်စက် ဆမ်းသည်။ မပိုင်းခင်က မစောင့်နိုင်တော့ဘဲ...

"ဘာလဲ လမ်းမှာ သူနဲ့ တွေ့လာခဲ့တယ်ပေါ့"

"ဟုတ်တယ်၊ ဈေးက ပြန်လာတာတဲ့၊ ဈေးဆိုပေမဲ့ ဈေးကြီးသွားတာ ဟုတ်မယ် မထင်ပါဘူး၊ လမ်းထိပ်ဈေးတန်းလေးက ဝယ်ခဲ့တာ ဖြစ်မှာပါ"

"ဘာတွေ ဝယ်ခဲ့လို့လဲ"

မမွှေးက ဝင်မေးသည်။ ချွဲချွဲက မုန့်ဟင်းခါး တစ်ဇွန်း၊ နှစ်ဇွန်း စားလိုက်ပြီးမှ–

"ဟင်းနုနယ်နဲ့ ခရမ်းကြွပ်သီးတွေပါ၊ သူက ဘာပြောတယ် မှတ်သလဲ၊ ဒီနေ့ သူ့မွေးနေ့မို့ သက်သတ်လွတ် စားမလို့ပါတဲ့လေ၊ သား ငါး မဝယ်နိုင်တာကို လူမိသွားလို့ သက်သက်ဖြီတာလေ၊ ဒီနေ့ ဗုဒ္ဓဟူးနေ့ကြီးပဲ၊ သူက ကြာသပတေးသမီး ဥစ္စာ... ဘယ်လိုလုပ် သူ့မွေးနေ့ ဖြစ်မလဲ၊ ကျွန်မက သိတာပေါ့၊ ဟိုတစ်ခါ ယတြာချေချင်လို့ ဆိုပြီး ဘုရားသွားတုန်းက ကြာသပတေးထောင့်မှာ အမွှေးတိုင် ထွန်းခဲ့တာ ကျွန်မလဲ ပါသွားတာပဲဟာ"

"ဖြစ်ရမယ်၊ ဒီကောင်မက ကြွားကလဲ ကြွားချင်သေး၊ ကပ်စေးကလဲ နဲသေး၊ လူကဖြင့် ဝါးခြမ်းလောက် ရှိတယ်၊ ပြောတော့ ဝါးဘိုးလုံးလောက်"

မပိုင်းခင်နှင့် မပွင့်တို့မှာ ပြိုင်ဘက်များ ဖြစ်ကြောင်း သိနေသော မမွှေးက ပြုံးသည်။

"ဒါနဲ့ ကိုအောင်ထူးကြီး တစ်ယောက်ကော"

ချွဲချွဲက မေးသည်။ မမွှေးက–

"ထုံးစံအတိုင်းပေါ့ဟယ် ဆိုင်ကူ ဖွင့်ပေး၊ ဟိုယောင် ဒီယောင်လုပ်ပြီး ငါ အလုပ်ရှုပ်နေတုန်း လစ်ထွက်သွားတာပဲ၊ လက်ဖက်ရည်ဆိုင် သွားထိုင်နေ

mgyoe.com

မှာပေါ့၊ သူ့ကြောင့်လဲ ခက်သေးတယ်၊ ဘာမှ လက်ကြောတင်းအောင် မလုပ်ချင်ဘူး၊ ငါ သည်းမခံနိုင်တဲ့ နေ့ကျရင်တော့ ဘာဖြစ်မလဲ မသိဘူး”

ခွဲခွဲက မုန့်ဟင်းခါးကို လက်စသတ်သည်။ ဘာအကြောင်း ဆက်ပြောရကောင်းမလဲ စဉ်းစားသည်။ အပြန်ကျလျှင် မသက်ပန်တို့အိမ်လည်း ဝင်ရဦးမည်။ ထိုအခါ မပိုင်းခင်အကြောင်း ပြောရကောင်းမလား၊ မမွှေး၏ မုန့်ဟင်းခါး အရင်လို မကောင်းတော့ကြောင်း ပြောရကောင်းမလား ဆိုတာလည်း တွက်နေရသေးသည်။

❦

မနက်ပိုင်း ရုံးချိန်မတိုင်ခင်မှာ လက်ဖက်ရည်ဆိုင် စည်ကားတတ်၏။ ရုံးမသွားခင် အလုပ်မဆင်းခင် အချိန်လေးအတွင်း ဆိုင်မှာထိုင်ပြီး မုန့်လေးစား၊ လက်ဖက်ရည်လေး သောက်၊ နီးစပ်ရာလူနှင့် စကားလေး ပြောရင်း တစ်နေ့တာအတွက် အားမွေးကြရသောကြောင့်ဖြစ်သည်။

ရုံးလည်း မတက်ရ၊ အလုပ်လည်း သွားစရာမရှိ၊ အိမ်မှာလည်း အေးအေးထိုင်မနေနိုင်သူတွေကတော့ အချိန်ဘယ်လောက်ကြာကြာ ကျောက်ချပြီး ထိုင်တတ်ကြသည်။ ဒီလိုလူတွေထဲမှာ ကိုအောင်ထူးလည်း ပါ၏။

ဒီနေ့တော့ သူသည် လူငယ်တချို့၏ ဝိုင်းမှာ ဝင်ထိုင်နေသည်။ လူငယ်တစ်ယောက်လက်ထဲမှာ ပါလာသည့် အလင်းတန်းဂျာနယ်ကို ယူဖတ်ပြီး ဂျာနယ်ထဲမှာပါသည့် ဆောင်းပါးတွေအကြောင်း ပြန်ရှင်းပြနေသည်။ တကယ်တော့ ဒီဆောင်းပါး အားလုံးကို သူတို့ဖတ်ပြီးသား ဖြစ်၏။ ဘာမှထပ်ပြီး ရှင်းပြနေစရာမလို၊ ဒါကိုပဲ ကိုအောင်ထူးက ထပ်ရှင်းပြနေပြန်သဖြင့် ရုပ်ရှင်ကားတစ်ကားတည်းကို အတူတူကြည့်လာကြသူ အချင်းချင်း ဇာတ်လမ်းပြန်ပြောပြသလို ဖြစ်နေ၏။

လူငယ်တစ်ယောက်က စိတ်မရှည်တော့သဖြင့် စကားဝင်ဖြတ်သည်။

“ဂျာနယ်ဆိုတာ မြန်မာစကား မဟုတ်ဘူး ထင်တယ်ဗျ”

ကိုအောင်ထူးက...

“အေး... ဂျာနယ် ဆိုတာ အင်္ဂလိပ်စကားကွ”

“မြန်မာလိုကျတော့ ဘာအဓိပ္ပာယ်လဲဗျ”

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါကတော့ အဲ... ဒီလိုကွာ၊ မြန်မာလို ပြန်ရင် စကားလုံး အတိအကျ ပြောလို့မရဘူး။ ဒါကြောင့် အင်္ဂလိပ်လိုပဲ တိုက်ရိုက်သုံးတာပေါ့။ မဂ္ဂဇင်း ဆိုရင်လဲ ဒီလိုပဲလေ၊ တကယ်တော့ ဂျာနယ် ဆိုတာ သတင်းစာနဲ့ မဂ္ဂဇင်းကြားမှာ ရှိတာယ် ကွ"

"ဟုတ်မယ်၊ ဟုတ်မယ်၊ စာအုပ်ဆိုင်မှာ တွေ့ဖူးတယ်၊ သတင်းစာတွေ က ဒီဘက်မှာ မဂ္ဂဇင်းတွေက ဟိုဘက်မှာ ချထားပြီး ကြားထဲမှာမှ ဂျာနယ်တွေ ခင်းထားတယ်"

"ဟာ အဲဒါ ပြောတာ မဟုတ်ဘူး"

"သတင်းစာက တစ်နေ့ တစ်ခါ ထွက်တယ်၊ မဂ္ဂဇင်းက တစ်လမှ တစ်ခါ ထွက်တယ်၊ ဂျာနယ်ကျတော့ တစ်ပတ်တစ်ခါ အဲဒါပြောတာ မဟုတ်လား"

ဟု လူငယ်တစ်ယောက်က ဝင်မေးပြန်သည်။ ကိုအောင်ထူးက...

"အင်း... မှန်တော့ မှန်ပါတယ်၊ ဒါပေမဲ့ မပြည့်စုံသေးဘူး၊ ဒီလိုကွ... မဂ္ဂဇင်း ဆိုတာက ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း စသည်ဖြင့် သုတရသ စုံအောင် ပါတယ်၊ သတင်းစာကတော့ နေ့စဉ်ဖြစ်ပျက်နေတဲ့ သတင်းကိုပဲ ဦးစားပေးတယ်၊ ဂျာနယ်ကျတော့ သတင်းတွေထဲက ထူးခြားမှု ရှိတဲ့ဟာကို အသေးစိတ် ပြည့်စုံ အောင် ဖော်ပြရတယ်၊ သတင်းဆောင်းပါးကို အားကိုးတယ် ဆိုပါတော့ကွာ၊ ဒီနေရာမှာ ဂျာနယ်လစ် တစ်ယောက်ရဲ့ အခန်းကဏ္ဍက အရေးကြီးလာပြီ၊ တကယ် တော့ ဂျာနယ်လစ် ဆိုတာ..."

"ဂျာနယ်လစ်က အရေးမကြီးဘူး၊ ကျွန်တော် လစ်ဖို့က အရေးကြီး တယ်၊ တော်ကြာ အလုပ်မမီဘဲ နေဦးမယ်"

လူငယ်တစ်ယောက်က ပြောပြီး စားပွဲပေါ်ချထားသည့် ထမင်းချိုင့်ကို ယူ၍ ထထွက်သွားသည်။

"ကျွန်တော်လဲ အိမ်မှာ အလုပ်ရှိသေးတယ်"

နောက်တစ်ယောက်ကလည်း ပြောပြောဆိုဆို ထလစ်ပြန်သည်။ ကိုအောင်ထူးလည်း "ဒီတော့ကာ..." ဆိုပြီး နောက်ဆုံးကျန်သော လူငယ်ဘက် အလှည့်တွင်...

"ဟာ... ခုမှ သတိရတယ်၊ အိမ်က အဘိုးကြီး ခိုင်းထားတာ ဟိုသင်း သွား ဝယ်ရဦးမယ်"

mgyoe.com

mgyoe.com SAMPLE BOOK


ပြောပြီး ထပြေးပြန်၏။ ဒီလိုမှ မရှောင်လျှင် နောက်ထပ် အနည်းဆုံး တစ်နာရီလောက် ဂျာနယ်လစ်အကြောင်း လက်ချာ ဆက်ရိုက်နေမှာ သေချာသည်။ ကိုအောင်ထူးမှာ စကားတန်းလန်း အဖြတ်ခံရသဖြင့် ကြောင်အအ ဖြစ်ပြီး ဟိုဒီ လှည့်အကြည့် ဘေးမှာ လာရပ်သော စားပွဲထိုးလေးကို မြင်သည်။

"အဲ အဲ... ဂျာနယ်လစ်စားပွဲထိုး... အဲ... မဟုတ်ပါဘူး၊ ဘာလဲကွ၊ မင်း စိတ်ဝင်စားလို့လား၊ အေး... ဟုတ်ပြီ သတင်းခေတ် ဆိုတာ အဲဒါပဲ၊ လူတိုင်း သတင်း ကို စိတ်ဝင်စားရမယ်"

စားပွဲထိုးလေးက ခေါင်းကုတ်ပြီး...

"စိတ်ဝင်စားလို့ မဟုတ်ပါဘူး၊ လက်ဖက်ရည်ဖိုး ရှင်းတော့မလားလို့ လာမေးတာ"

"လက်ဖက်ရည်ဖိုး... ဟာ ဟိုကောင်တွေ ညာတာပါတေးနဲ့ ထလစ် သွားပြီ၊ ပြဿနာပဲ"

အိတ်ထဲက ပိုက်ဆံထုတ်ကြည့်ပြီး...

"သုံးဆယ်ပဲ ပါတယ်ကွာ၊ ကျန်တာ မှတ်ထားလိုက်"

"ဟိုနေ့က ဆေးလိပ်ဖိုး တစ်ဆယ်ကျန်ခဲ့သေးတယ်"

"အေးပါ၊ အဲဒါပါ ပေါင်းမှတ်ထားလိုက်၊ နောက်နေ့ပေးမယ်"

စားပွဲထိုးလေးက လှည့်ထွက်ရင်း "ကိုအောင်ထူး ခုနစ်ဆယ် မှတ်မယ်" ဟုအော်ရင်း ကောင်တာဆီ လျှောက်သွား၏။ ကိုအောင်ထူးက...

"ဟော့ကောင်၊ အနားရောက်မှ ပြောလဲ ရသားနဲ့၊ စွတ်အော်ရသလားကွ"

ဟု အံကြိတ်သံနှင့် လှမ်းပြောလိုက်၏။

♥

mgyoe.com

mgyoe.com SAMPLE BOOK

## (၃)



'ဒွေးချိုး လေးတိုး' ဆိုသော စာဆိုတစ်ခု ရှိ၏။ ယောကျ်ားများ မိန်းမယူလျှင် ကိုယ့်အသက်၏ ထက်ဝက်ကို လေးနှင့် ပေါင်းလို့ရသည့် အသက်အရွယ်ရှိသည့် မိန်းကလေးကို ယူသင့်သည်ဟု ဆိုလိုခြင်း ဖြစ်၏။

သူက ဒီအတိုင်းတွက်ပြီး ယူခဲ့ခြင်း မဟုတ်သော်လည်း ဒီအဆိုနှင့် ကွက်တိသွားဝင်နေသည်။ သူနှင့် ချွဲချွဲတို့ ယူကြတော့ သူ့အသက်က သုံးဆယ့်လေးနှစ်၊ ချွဲချွဲက နှစ်ဆယ့်တစ်နှစ်။

ချွဲချွဲတို့ မိဘတွေက သူနှင့် သဘောမတူခဲ့ကြ။ အသက်ကြီးလို့တော့ ဟုတ်ပုံမရ။ သူ့မှာသာ တိုက်နှင့် ကားနှင့်ဆိုလျှင် အသက်ငါးဆယ် ကျော်နေလျှင်တောင် သဘောတူမယ့် လူမျိုးတွေ။ ခုတော့ သူက ပုဂ္ဂလိက စက်ရုံတစ်ရုံက သာမန်အလုပ်သမားမို့ သဘောမတူခြင်း ဖြစ်၏။

သဘောမတူတော့လည်း နိုးပြေးကြတာပေါ့လေ။ ချွဲချွဲတို့ မိဘတွေက

mgyoe.com

လုံးဝ ပြန်လက်မခံနိုင်ဟု ဆို၏။ တကယ် စိတ်ဓာတ် မာကျောပြတ်သားလို့တော့ မဟုတ်။ ပြန်လက်ခံလျှင် သမက်ကိုပါ အိမ်ပေါ် ခေါ်တင်ထားရမှာ စိုးသောကြောင့် ဖြစ်၏။ ဒီကောင့်အချိုးမျိုးနဲ့ ဆိုရင် ငါတို့ကတောင် သူ့ကို ပြန်ကျွေးကောင်း ကျွေးထားရမယ်ဟု တွက်မိကြသောကြောင့် ဖြစ်၏။

သူကလည်း ချွဲချွဲကို မိဘတွေဆီ ပြန်အပ်ပြီး တောင်းရမ်းတာမျိုး မလုပ်။ ပြန်အပ်လျှင် မင်္ဂလာဆောင်ရတော့မည်။ သူ့မှာ မင်္ဂလာဆောင်စရာ စရိတ်မရှိ၊ ဒီလိုနဲ့ပဲ သူတို့နှစ်ယောက် အကြင်လင်မယား ဖြစ်ခဲ့ကြတာ နှစ်နှစ်ကျော်၊ သုံးနှစ် ထဲ ရောက်လာပြီ။

လင်မယား နှစ်ယောက်တည်းမို့ အိမ်ခန်းကျဉ်းကျဉ်းလေး တစ်ခန်း ငှားပြီး နေကြသည်။ ဟိုအရင်ကတော့ မိန်းမငယ်ငယ်လေးရရင် ဖိမ်ပဲဟု ထင်ခဲ့၏။ ခု တော့ ဒီလိုမဟုတ်။

ချွဲချွဲသည် ရုပ်ကလေးလှသည်ဟု ဆိုနိုင်သည်။ ဒီမှာတွင်ပဲ ချွဲချွဲ၏ အရည်အချင်းများ ကုန်လေသည်။ ထမင်း၊ ဟင်း မချက်တတ်။ အိမ်မှုကိစ္စ ဝါသနာ မပါ။ သူ လုပ်တတ်တာက အိမ်တကာလည်ပြီး အတင်းပြောခြင်းသာ ဖြစ်၏။

ထို့ကြောင့် ယခုအခါ ကိုစံပသည် ထမင်း၊ ဟင်း ကိုယ်တိုင် ချက်နေရ လေသည်။ ဒီအတွက် အခက်အခဲတော့ မရှိ။ တစ်ကောင်ကြွက် ဖြစ်သောကြောင့် လူပျိုဘဝကတည်းက ကိုယ်တိုင် ချက်စားလာရတာပဲ၊ ဒါသည်ပင် ချွဲချွဲ၏ ကုသိုလ် ကံကောင်းမှု တစ်ခုဟု ဆိုသော်ရ၏။

ထမင်းအိုး ဆူလာသဖြင့် အိုးအဖုံးဖွင့်ပြီး ယောက်မနှင့် နှစ်ချက်၊ သုံးချက် မွှေသည်။ အိုးအဖုံး ပြန်ဖုံးသည်။ ထောင်းလက်စ ငရုတ်သီး ညက်လုလု တွင် ကြက်သွန်ထည့်ပြီး ထပ်ထောင်းသည်။ ထိုစဉ်မှာ ချွဲချွဲအသံ ကြားရသည်။

“မကျက်သေးဘူးလား၊ ဗိုက်ဆာလာပြီ”

ပြောရင်း အနားမှာ လာထိုင်သည်။ ကိုစံပ၏ ပခုံးပေါ် လက်နှစ်ဖက်ကို ဟီးလေးခိုသလို တင်လိုက်ပြီး နှုတ်ခမ်းစူရင်း ပြိတီတီ လုပ်ပြသည်။ ကိုစံပ၏ စိတ်ထဲ ‘ထောင်းထားတဲ့ ငရုတ်သီးတွေ ပါးစပ်ထဲ ထိုးထည့်လိုက်ရ မကောင်းဘဲ နေတော့ မယ်’ ဟု တွေးမိ၏။ နှုတ်ကတော့...

“ဟုတ်ကဲ့... ပြီးခါနီးပါပြီ၊ သခင်မလေး အရပ်တကာလှည့် အတင်းပြော ရလွန်းလို့ ဆာတော်မူပြီ ထင်ပါရဲ့၊ သခင်မလေး ရေမိုးချိုး အလှပြင်ဆင်ပြီးတဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


အချိန်လောက်ကျရင် ထမင်းပွဲ ရှေ့ရောက် အဆင်သင့် ဆက်သပ့ါမယ်" ဟု ခပ်ငေါ့ငေါ့ ပြောလိုက်၏။ ချွဲချွဲက ကိုစံပ၏ ပါးကို ဆွဲလိမ်ပြီး...

"ဒါကြောင့် ကိုကို့ကို ချစ်နေရတာ သိလား"

ကိုစံပ သက်ပြင်းချသည်။ ချွဲချွဲ၏ လက်ကို အသာဆွဲဖယ်ရင်း...

"ချွဲချွဲရယ်... မင်း ငါ့ကို တစ်ဆိတ်လောက် ညှာတာစမ်းပါဦး။ ငါ့မှာ ပိုက်ဆံလဲ ရှာရ၊ ထမင်းဟင်းလဲ ချက်ရ၊ ကိုယ့်အဝတ်လဲ ကိုယ်လျှော်ရ၊ တစ်ခါတစ်ခါ အမြင်မတော်ရင် မင်း ဘရာဇီယာတွေတောင် လျှော်ပေးရသေးတယ်။ မင်းကတော့ တံမြက်စည်းလေးတောင် မှန်မှန် မလှည်းချင်ဘူး၊ မိန်းကလေးဆိုတာ အိမ်မှုကိစ္စတော့ လုပ်ရမှာပေ့ါ၊ နည်းနည်းပါးပါး"

"အမယ်... ကိုကိုက ခုတော့ လူကို မညှာမတာ ခိုင်းချင်ပြီပေ့ါ ဟုတ်လား၊ ဟိုအရင် လက်မထပ်ခင်ကတည်းက ဒါတွေ မလုပ်တတ်ပါဘူးလို့ ပြောထားပြီးသားပဲ၊ အဲဒီတုန်းက ကိုကို ဘာပြောလဲ၊ ဘာမှ မလုပ်ရပါဘူး၊ ချွေးတစ်စက်တောင် မထွက်စေရပါဘူး၊ သနပ်ခါးတောင် သွေးပေးပ့ါမယ်ဆို"

"ဒါ... ဒါကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အိမ်ထောင်သည်ရယ်လို့ ဖြစ်လာရင် အိမ်ထောင့်တာဝန်တော့ နည်းနည်းပါးပါး လုပ်ရမှာပေ့ါ"

"ဒါဆိုလဲ ပြီးရော၊ ဖယ်... လုပ်မယ်၊ ဟိုတစ်ခါလို ထမင်းရည်ပူလောင်ပြီး သေလဲ အေးတာပဲ"

ဆောင့်အောင့်ပြောရင်း ထမင်းအိုးကို လက်နှီးမပါဘဲ ကိုင်မည်ပြုသည်။ ကိုစံပက "ဟေ့ ဟေ့... ပူမယ်" ဆိုပြီး လှမ်းတားလိုက်ရ၏။ ဟို အရင်တစ်ခါ ကိုစံပ တုပ်ကွေးမိသဖြင့် ချွဲချွဲကို ဆန်ပြုတ်ကလေး ပြုတ်ခိုင်းမိသည်။ ဆန်ပြုတ်အိုးကို ဖိုပေါ် အံကျအောင် မတင်သဖြင့် မှောက်ကျပြီး အပူလောင်သည်။ ကိုစံပမှာ ဖျားလျက်တန်းလန်းကပင် ချွဲချွဲကို တစ်ပတ်လောက် ပြန်ပြီး ပြုစုခဲ့ရ၏။ သူ့ကို မညှာမတာ သေအောင် ခိုင်းပါတယ် ဆိုပြီး အရပ်ထဲ လှည့်ပြောတာလည်း ခံလိုက်ရသေးသည်။ ထို့ကြောင့်...

"ကဲပါ... မခိုင်းတော့ပါဘူး ခင်ဗျာ၊ ရေမိုးချိုးဖို့သာ ကြွတော်မူပါတော့"

ချွဲချွဲ၏ မျက်နှာသည် ငိုမလို စိတ်ကောက်မလို ဖြစ်နေရာမှ ချက်ချင်း ပြုံးရွှင်သွားပြီး...

"ဩ်... ဒါနဲ့ ကွမ်းယာဆိုင်က သတင်းတစ်ခု ကြားလာသေးတယ်

mgyoe.com

m g y o e . c o m  SAMPLE BOOK 

သိလား၊ နေဦး ထမင်းစားရင်းနဲ့မှ ပြောပြမယ်”

ချွဲချွဲသည် ကလေးတစ်ယောက်လို ပြေးထွက်သွား၏။ ကိုစံပသည် ‘ခက်သေးတယ်။ ခက်သေးတယ်’ ဟု ခေါင်းခါ၍ ညည်းရင်း ရေတ်ကျည်ပွေ့ကို ပြန်ကိုင်လိုက်၏။

▼

mgyoe.com

mgyoe.com SAMPLE BOOK

## (၄)



လိပ်ပြာလေး တစ်ကောင်သည် ပန်းပွင့်ပေါ်သို့ နားမည်ပြုပြီး ချဉ်းကပ်နေပုံမှာ ဟယ်လီကော့ပတာတစ်စင်း မြေပြင်သို့ ဆင်းခါနီး ပုံစံနှင့် တူသည်ဟု ထင်သည်။ ထိုမြင်ကွင်းကို ပြတင်းပေါက်မှ ကြည့်ရင်း မေးစေ့ကို ပွတ်၊ ခေါင်းတညိတ်ညိတ် လုပ်ပြီး...

"အင်း... ပန်းနှင့် လိပ်ပြာ၊ ပန်းနှင့် လိပ်ပြာ၊ ပန်းမရှိရင် လိပ်ပြာ ဘယ်လို အသက်ရှင်မလဲ၊ လိပ်ပြာ မရှိရင် ပန်းတွေ ဘယ်လို မျိုးဆက်ပြန့်ပွားမလဲ၊ ဒါဟာ လိပ်ပြာနဲ့ ပန်းတို့ရဲ့ အညမည ဖြစ်စဉ်ပဲ၊ လိပ်ပြာနဲ့ ပန်း၊ ပန်းနဲ့ လိပ်ပြာ၊ လိပ်ပြာနဲ့ ပန်း... ပန်းနဲ့ လိပ်ပြာ"

ကိုအောင်ထူးသည် ပြဇာတ်မင်းသားတွေ ဇာတ်ခုံပေါ်မှာ ပြောသလို အိမ်ရှေ့ခန်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဟန်ပါပါ ပြောနေ၏။

"အင်း... ပန်းတွေရဲ့ ဘဝ၊ ပန်း ပန်း..."

လျှောက်ရင်း ပြောရင်း အပေါက်ဝမှာ ရပ်ပြီး မျက်လုံးကြီး ပြူးကြည့်နေသော မမွေးနှင့် မျက်နှာချင်းဆိုင် သွားတိုး၏။ သူက လက်ညှိုးတထိုးထိုးနှင့် ပြောလက်စမို့ မမွေးကို လက်ညှိုးနှင့် ထိုးရင်း...

mgyoe.com

m g y o e . c o m

SAMPLE BOOK


"ပန်း... ပန်း"

"ပန်းချင်ရင် အိမ်သာထဲမှာ သွားပန်း"

မမွှေးက ရုတ်တရက် ပြောလိုက်ရာ ကိုအောင်ထူး စိတ်ပျက် လက်ပျက် ဖြစ်သွားဟန် ရှုံ့မဲ့လိုက်ပြီး...

"ဟာ... သွားပါပြီ၊ ငါရဲ့ ရင်တွင်းဖြစ်၊ ငါရဲ့ အတွေးပုံရိပ်၊ ငါ့ရဲ့ ခံစားတင်ပြမှု၊ ငါရဲ့ ပုံဖော်မှုတွေကို မင်း ဖျက်ဆီးပစ်လိုက်တာပဲ"

"ဒီမှာ မမွှေးရဲ့ ရိုက်ချက် ဆိုတာကော ရှင် ကြားဖူးတယ် မဟုတ်လား၊ နည်းနည်းပါးပါး မြည်းစမ်းမကြည့်ချင်ဘူးလား"

"မင်းကလဲကွာ"

"မင်းကလဲတွေ ဘာတွေ လုပ်မနေနဲ့၊ ရှင် လက်ဖက်ရည်ဆိုင်မှာ အကြွေးသောက်နေတာ ဘယ်လောက်ဖိုး ရှိနေပြီလဲ... ဟင်"

"အဲ... အဲဒါကတော့ ဖြည်းဖြည်းချင်း ဆပ်"

"ဘာ ဖြည်းဖြည်းချင်း ဆပ်ရမှာလဲ၊ ဒီနေ့ လက်ဖက်ရည် ဆိုင်ရှင်ရဲ့ မိန်းမ မုန့်ဟင်းခါး လာစားရင်းနဲ့ ရှင့်အကြွေးတွေ နှစ်ရာကျော်လောက် ရှိနေပြီလို့ ပြောတယ်၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ်၊ ငါ့အကြွေးကို သူစားတဲ့ မုန့်ဟင်းခါးဖိုးနဲ့ ချေမယ်လို့ ပြောလိုက်၊ အဲဒါဆို ကိုယ်လဲ ပိုက်ဆံ မကုန်တော့ဘူး၊ မုန့်ဟင်းခါး ရောင်းရတဲ့ အတွက်တောင် အမြတ်ထွက်ဦးမယ်၊ တစ်ပတ်လောက် ဆက်တိုက် စားခိုင်းရင် ကျေပါတယ်ကွ"

"ဟင်...တော်တော်ပြောတတ်တယ်၊ကျုပ်မုန့်ဟင်းခါးကတော့ အလကား ရလို့လား၊ ဒီမှာ သူ လာပြောတော့ ဘေးက စားနေတဲ့ လူတွေပါ ကြားကုန်တယ်၊ ကျုပ် ဘယ်လောက် သိက္ခာကျသလဲ၊ ဘယ့်နှယ် မိန်းမက ပင်ပင်ပန်းပန်း လုပ်နေတယ်၊ သူက လက်ဖက်ရည် အကြွေးသောက်တယ်"

"စာပေသမား ဆိုတာ ဒီလိုပဲကွ၊ အကြွေးနဲ့ ကင်းကြတာ မဟုတ်ဘူး"

"တော်စမ်းပါ၊ တစ်ခါလာ စာပေသမား၊ တစ်ခါလာလဲ စာပေသမား၊ ဘာမှလဲ အဖြစ်ရှိတာ မဟုတ်ဘူး"

"လူကို တယ်အထင်သေးတာကိုး၊ ငါက တစ်ပုဒ်ဆို ဆိုသလောက် စာပေလောကကြီး တစ်ခုလုံး တုန်လှုပ်သွားအောင် ရေးပြလိုက်မှာ သိရဲ့လား"

m g y o e . c o m

mgyoe.com


"စာပေလောက လှုပ်ဖို့ထက် လောလောဆယ် ပါးစပ်လှုပ်ဖို့က အရေးကြီးတယ်၊ တစ်ဖက်က အလုပ်တစ်ခုခု လုပ်ရင်းနဲ့လဲ စာရေးလို့ ရပါတယ်၊ ဟို စာရေးဆရာဆို ကြည့်စမ်း၊ ဘယ်လောက် ချီးကျူးဖို့ ကောင်းသလဲ၊ လေထိုးကျွတ်ဖာတဲ့ အလုပ်လုပ်ရင်းက စာရေးတာ အခု အရမ်း အောင်မြင်နေပြီ၊ သူ့ကလောင် နာမည်မှာတောင် သူ့အလုပ်ကို အမှတ်တရ ဂုဏ်ယူပြီး ထည့်မှတ်ထားသေးတယ်။ တာရာမင်းဝေ တဲ့"

"ဟာ... မင်းကလဲ လုပ်ချလိုက်ပြန်ပြီ"

"ရှင်လဲ သူ့လို နာမည်ကြီးအောင် သူက တာရာ ဆိုရင် ရှင်က ကျွတ် အောင်ထူး ဆိုပြီး ရေးပါလား"

"ဟာကွာ... တာရာ ဆိုတာ မော်တော်ကား တာယာကို ပြောတာ မဟုတ်ဘူး၊ မိုးပေါ်က ကြယ်တာရာကို ပြောတာ၊ ဘာမှလဲ နားမလည်ဘဲနဲ့"

"အမယ်... ရှင်ကကော ဘယ်လောက် နားလည်နေလို့လဲ၊ ဟင်း... မိန်းကလေး တစ်ယောက်လောက်တောင်မှ အသုံးမကျဘူး၊ ဟို စာရေးဆရာမလေးဆို ကြည့်စမ်း၊ ဘယ်လောက် တော်သလဲ၊ သူ့စာအုပ်တွေကို အပိုင်တောင် ဝယ်ပြီး သိမ်းကြရတယ်လို့ မုန့်ဟင်းခါး လာစားတဲ့ ကျောင်းသူလေးတွေ ပြောနေတာ ကြားဖူးတယ်"

"ဘယ် စာရေးဆရာမလေးလဲ"

မမွေးက ခေါင်းကုတ်ပြီး...

"ပါးစပ်ဖျားလေးတွင် မေ့နေတယ်၊ လူမျိုးတစ်မျိုး နာမည်လိုလို ဘာလိုလို အဲ အဲ... ရဟူဒီဆိုလား"

"ဘယ်ကလာ ရဟူဒီ ရမှာလဲ၊ ဂျူးပါကွ မင်းကလဲ"

"အဲ ဟုတ်တယ်၊ ဒါကြောင့် စားစရာ တစ်ခုခု နာမည်နဲ့ တူပါတယ်လို့ တော့ တွေးမိသား၊ ဘာပဲဖြစ်ဖြစ် အဲဒီ စာရေးဆရာမလေးက ရှင့်ထက် အဆ တစ်ရာလောက် သာတယ်၊ ရှင်ကတော့ ခုထိ ဂျာနယ်မှာ သုံးကြောင်း ဝတ္ထုတောင် ပါဖူးလို့လား၊ လက်ဖက်ရည်ဆိုင်ထိုင်၊ တောင်ပြော မြောက်ပြော ပြောရင်း ကျုပ်လုပ်စာ ထိုင်စားနေတာပဲ၊ ဘာမှ အသုံးမကျဘူး၊ စာတွေ ရေးနေမယ့်အစား ကားနံပါတ် ရေးတာကမှ အသုံးတည့်ဦးမယ်"

ကိုအောင်ထူး ဆတ်ခနဲ ဖြစ်သွား၏။ သူ့ကို ဘာပြောပြောခံနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

စာရေးတဲ့ ကိစ္စကို ချိုးချိုးဖွဲ့ဖွဲ့ ပြောလာတာတော့ သူ မကြိုက်။ ထို့ကြောင့် လေသံပြောင်းသွားပြီး–

"တော်ကွာ၊ မင်းစကားတွေ ရင့်သီးလာပြီ၊ မင်းဟာလေ ထမင်းဟင်းကို မွှေနေပေမဲ့ ဘာမှ အရသာ မခံစားတတ်တဲ့ ယောက်မတို့၊ ဇွန်းတို့လိုပဲ စာပေသမားနဲ့ နေပြီး စာပေရဲ့ တန်ဖိုးကို မသိဘူး"

"ဟုတ်ကဲ့၊ သိပ်တော်တဲ့ စာပေသမားကြီး မိန်းမထဘီနား ခိုစားတဲ့ လူကြီး"

"မင်း သိပ်စော်ကားလာပြီနော်၊ ငါ တယ်လေ..."

ကိုအောင်ထူး လက်မြှောက်ရွယ်လိုက်၏။ တကယ် ရိုက်ဖို့ ရည်ရွယ်ချက် မရှိတာတော့ သေချာသည်။ ရိုက်သာရိုက်ချင်လျှင် ခုလောက်ရှိ ဖြောင်းခနဲမြည်သွားပြီးပြီ။ သူ့လက်သည် လေထဲမှာပင် ရပ်တန့်နေ၏။

"အမယ်... ရှင်က ဘာလုပ်ချင်လို့လဲ၊ လုပ်ဝံ့ လုပ်ကြည့်လေ"

မမွှေးက ခါးထောက်ပြီး ရှေ့ကို တိုးသည်။ ကိုအောင်ထူး နောက်တစ်လှမ်း ဆုတ်သည်။ မမွှေးက ထပ်တိုးပြန်သည်။

"မင်းနော်... မင်း... မင်း၊ ငါ လုပ်မိတော့မယ်"

ကိုအောင်ထူးက ပြောရင်း နောက်ဆုတ် ဆုတ်သွားသည်။ မမွှေးက အတင့်ရဲစွာ ရှေ့တိုး တိုးလာသည်။ ကိုအောင်ထူး တကယ် မရိုက်ရဲဘူး ဆိုတာ သိနေသောကြောင့် ဖြစ်၏။

ကိုအောင်ထူးသည် ဆုတ်ရင်း ဆုတ်ရင်း တစ်စုံတစ်ခု နောက်က ခံနေကြောင်း သိလိုက်၏။ သူ့တင်ပါးက စားပွဲစွန်းကို သွားထိမိနေပြီ။ ဆက်ဆုတ်ဖို့ မလွယ်တော့။ မမွှေးသာ ဒီထက်တိုးလာလျှင် စားပွဲပေါ် တက်ဖို့သာ ရှိတော့သည်။ ထို့ကြောင့် တစ်လှမ်း ထပ်ကပ်လာသော မမွှေး၏ ပခုံးနှစ်ဖက်ကို ကိုင်ပြီး တွန်းထုတ်လိုက်သည်။

မမွှေး အငိုက်မိသွား၏။ ရုတ်တရက် မထင်မှတ်ဘဲ အတွန်းခံလိုက်ရသဖြင့် ဟန်ချက်ပျက်ပြီး ကြမ်းပေါ်သို့ လဲကျသွားသည်။

"ဟင်... ရှင်က ရှင်က ကျုပ်ကို အာခံတယ်ပေါ့လေ"

ပြောရင်း ထုစရာ ရိုက်စရာ လက်နက် တစ်စုံတစ်ရာ ရှိလိုရှိငြား လိုက်ရှာကြည့်နေ၏။ အခန်းထောင့်မှာ ချထားသော ထွေးခံကို မြင်သည်။ မမွှေး ထသွားပြီး ထွေးခံကို ယူသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"မမွေး၊ မင်း မင်း လွန်မယ်နော်"

ကိုအောင်ထူး လှမ်းအော်လိုက်စဉ်မှာပင် မမွေးက ထွေးခံနှင့် ပေါက်လိုက်၏။ ထွေးခံသည် ဂြိုဟ်တုတစ်လုံးလို ချာချာလည်ရင်း ကိုအောင်ထူးဆီ ပြေးသွားသည်။ မမွေး ပေါက်လိုက်တုန်းက ဘယ်နေရာရယ်လို့ ချိန်ပြီး လွှတ်လိုက်ခြင်း မဟုတ်။ သို့တိုင်အောင် ကိုအောင်ထူးမှာ ကံနိမ့်နေသော အချိန်နှင့် ကြုံသောကြောင့်လား မသိ။ ထွေးခံက နဖူးတည့်တည့်ကို မှန်လေသည်။

♥

mgyoe.com

mgyoe.com SAMPLE BOOK

## ( ၅ )



ကိုစံပသည် "ကဲကွာ၊ ကဲကွာ" ဟု ကြုံးဝါးရေရွတ်ရင်း တဖုံးဖုံး ရိုက်နေသည်။ နေပူလှမ်းထားသော စောင်တွေကို တုတ်တစ်ချောင်းနှင့် ရိုက်ပြီး ဖုန်တွေခါနေခြင်းဖြစ်၏။ ချွဲချွဲကိုသာ ဒီလို စိတ်ရှိလက်ရှိ ရိုက်လိုက်ရ ဘယ်လောက်ကောင်းမလဲဟုလည်း စိတ်ကူးကြည့်နေ၏။

တကယ်လည်း စိတ်ကူးသက်သက်သာ ဖြစ်၏။ သူသည် မိန်းမကို ရိုက်တတ်သူ မဟုတ်။ ရိုက်ဖို့နေနေသာသာ မာမာထန်ထန်တောင် ပြောလို့မဖြစ်။ တစ်ခါက နေမြင့်တဲ့အထိ အိပ်ရာ မထသဖြင့် ဆူမိသည်။ ထိုအခါ ချွဲချွဲသည် တစ်နေ့လုံး စိတ်ကောက်တော့သည်။ ဒါတွင်မက... တစ်ချိန်လုံး ချွဲချွဲပျစ်ပျစ်၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြီး ငိုနေသဖြင့် နားမခံနိုင်အောင် ဖြစ်ရ၏။ နောက်ဆုံး သူကပင် ပြန်ချော့ရတော့သည်။

ဘာပဲဖြစ်ဖြစ် တစ်ခါတစ်ခါတော့ ချွဲချွဲအပေါ် စိတ်ကုန်မိတာ အမှန်ပဲ။ ချွဲချွဲသည် ခုထိ ထမင်း ဟင်း မချက်တတ်သေး။ သင်ပေးလို့လည်း မရ။ ဝါသနာမပါဘူး ဆိုပြီး ရှောင်နေသည်။ ငါ့ကို ကူပါဦး ဆိုပြီး ချော့မော့ခိုင်းလျှင်လည်း

mgyoe.com

mgyoe.com
SAMPLE BOOK


ဘယ်တော့မှ အဆင်မပြေ။ ကြက်ဥတွေ လွတ်ကျပြီး ကွဲကုန်တာတို့၊ ဆီပုလင်း တိုက်မိပြီး ဖိတ်စဉ်ကုန်တာတို့၊ ဆားခတ်ပြီးသားကို ထပ်ခတ်သဖြင့် ဟင်းတွေ ငန်ကုန်တာတို့ ဖြစ်တတ်သည်။ ခိုင်းရတာနဲ့ ဆုံးရှုံးတာနဲ့ မကာမိသဖြင့် နောက် မလုပ်ခိုင်းရဲတော့။

သူ့ထဘီတွေ အဝတ်အစားတွေ ကိုယ်တိုင်လျှော်တာကိုပဲ ကျေးဇူးတင် ရသေးသည်။ ဒါတောင် လူသက်သာအောင် ဆိုပြီး ဆပ်ပြာမှုန့်တွေ အများကြီး ထည့်ပြီး စင်အောင် မလျှော်သဖြင့် အဝတ်အစားတွေ ဆွေးကုန်တာမျိုး ရှိသေး သည်။

ဒီကြားထဲမှာ ဟင်းမကောင်းလျှင် ဂျီကျသေးသည်။ ကိုစံပသည် ကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်သည်။ လစာ အသင့်အတင့်သာ ရသော်လည်း လင်မယား နှစ်ယောက်တည်းမို့ လောက်လောက်ငင ရှိသည်ဟု ဆိုနိုင်သည်။ ကိုစံပက ငွေ လေးဘာလေး စုချင်သည်။ ချွဲချွဲက ဟင်းကောင်းကောင်း စားချင်သည်။ အဝတ် အစား အသစ်အဆန်း ဝတ်ချင်သည်။ ကလေးတစ်ယောက်လို သရေစာတွေ ဝယ်စားချင်သည်။ တီဗွီမှာ မုန့်တစ်မျိုးမျိုး အသစ်ကြော်ငြာလျှင် မြည်းစမ်းကြည့် လိုက်ချင်သည်။

နောက်တော့ ကုမ္ပဏီက လုပ်ငန်းမကောင်းလို့ ဆိုပြီး အလုပ်သမား လျှော့ရာမှာ ကိုစံပလည်း ပါသွားသည်။ လောလောဆယ် တခြား အလုပ်မလုပ် ရခင်အတွင်း ကုမ္ပဏီမှရသည့် ကရုဏာကြေးကလေးဖြင့် စားသောက်နေရသည်။

ကိုစံပက ဒီလိုအချိန်မှာ ချွေချွေတာတာ သုံးစွဲချင်သည်။

ချွဲချွဲက ပြောလို့မရ။

"လူမသေ ငွေမရှားပါ ကိုကိုရ၊ ပြီးတော့ ချွဲကို ဗေဒင်က ဟောထားတယ်၊ ဒီတစ်သက် လုံးဝ မဆင်းရဲဘူးတဲ့၊ အေးအေးဆေးဆေးပေါ့၊ သူ့အလိုလို ဖြစ်လာ မှာပေါ့" ဆိုပြီး နေမြဲ သုံးစွဲမြဲ။

မနေ့ကပဲ တီဗွီကြော်ငြာထဲမှာ တွေ့လို့ဆိုပြီး စနိုး ဆိုလား၊ မိတ်ကပ် ဆိုလား ဝယ်လာခဲ့သေးသည်။ ဒီကောင်မလေးနဲ့ ကြာလျှင် ခက်တော့မည်။

နေလှန်းထားသော စောင်များကို လေးငါးချက်လောက် ဆက်၍ ရိုက် ဖုန်ခါပြီးမှ ဆပ်ပြာစိမ်ထားသော ခြင်ထောင်ကို လျှော်သည်။ ခြင်ထောင် ဆိုတာက ရေစိမ်လိုက်လျှင် အလွန်လေးသည်။ တစ်ယောက်တည်း ရေစင်အောင်ညှစ်ဖို့

mgyoe.com

m gyoe.com SAMPLE BOOK

မလွယ်။ တစ်ယောက်တစ်ဖက်စီ ကိုင်ပြီး ညှစ်မှ ကောင်းသည်။ သို့ရာတွင် ချွဲချွဲ က မရှိ၊

သူ ရှိလည်း အလကားပဲ၊ ကူခိုင်းလို့ ရမှာမဟုတ်။ လက်နာတယ်၊ အား မရှိဘူး ဆိုပြီး ဆင်ခြေပေးမည်။ ပြီးလျှင် မောလိုက်တာ၊ ဗီဗီ မန်ကျည်းဖျော်ရည် လေး သောက်လိုက်ဦးမှပဲ ဆိုတာမျိုး လာမည်။ တစ်ခါကတော့ ရေညှစ်နေရင်းက လေးတယ်ဆိုပြီး လွှတ်ချသဖြင့် သဲတွေ၊ ဖုန်တွေ ပေကုန်ပြီး ပြန်လျှော်ခဲ့ရသေး သည်။

ထို့ကြောင့် သူ့နည်း သူ့ဟန်နှင့်ပင် ခြင်ထောင်ရေစက်လက်ကို တန်း ပေါ် ပစ်တင်ပြီး နိုင်သလောက် ညှစ်ချရသည်။

လူလည်း တော်တော်မောသွားပြီ။ ခဏတစ်ဖြုတ် အမောဖြေပြီးမှ ရေ မိုးချိုးတော့မည်ဟု စဉ်းစားပြီး အိမ်ပေါ်ပြန်တက်ခဲ့၏။

အိမ်ရှေ့ကြမ်းပြင်ပေါ်မှာ အချဉ်ထုပ်ထည့်သည့် ပလတ်စတစ်အိတ် တွေ၊ နေကြာစေ့ အခွံတွေ၊ ဆီးသီးစေ့တွေ ပြန့်ကျဲနေတာ တွေ့ရသည်။

ကိုစံပ သက်ပြင်းချသည်။ တံမြက်စည်းယူ၍ အမှိုက်များကို လှည်းပြီး ထောင့်တစ်ထောင့်မှာ စုထားလိုက်၏။

ထို့နောက် အိမ်အတွင်းခန်းထဲ ဝင်လာခဲ့သည်။ အိပ်ရာခြေရင်းဘက်က ဖြတ်အလျှောက်တွင် ခြေထောက်က တစ်စုံတစ်ခုနှင့် ငြိပြီး တုပ်ဆွဲလိုက်သလို ဖြစ်သွား၏။ ယိုင်သွားသော ကိုယ်ကို ပြန်ထိန်းရင်း ငုံ့ကြည့်လိုက်တော့၊

ထဘီတစ်ထည်။ ချွဲချွဲရဲ့ လက်ချက်။ မနက်က ထဘီလဲရာမှာ ထဘီ အဟောင်းကို ချွတ်ပြီး ဒီအတိုင်း ပုံချသွားခြင်းပင် ဖြစ်၏။ ကိုစံပသည် စိတ်ပေါက် ပေါက်နှင့် ထဘီကို တအားကျုံး ကန်လိုက်သည်။ ထဘီသည် လွှားခနဲ လွင့်သွား ပြီး သူ့ခေါင်းအုံးပေါ်မှာ အံဝင်ခွင်ကျ လွှမ်းထားသလို ကျသွားလေ၏။

ကိုစံပ နှာခေါင်းရှုံ့သည်။ ခေါင်းယမ်းသည်။ နှုတ်ခမ်းကိုက်သည်။ ချွဲချွဲကို နည်းနည်းလောက်ဖြစ်ဖြစ် ပညာပေးမှ ဖြစ်တော့မည်။

“ကြော်ငြာမှာတော့ ထက်ထက်ကို ဘယ်သူမှ မမီဘူးဟ၊ ဟောဒီလို မျက်လုံး ကလေး ထောင့်ကပ်ပြီး နှုတ်ခမ်းလေး စူပြလိုက်တာကိုက အမယ်လေး... အရမ်း ချစ်ဖို့ ကောင်းတာပဲ”

mgyoe.com

mgyoe.com

SAMPLE BOOK


မနေ့ညက တီဗွီမှာ ကြည့်ခဲ့ရသော ကြော်ငြာ အသစ်အကြောင်းကို ချွဲချွဲက ပြောပြနေခြင်း ဖြစ်၏။ အဖော်ပါလာသော မိန်းကလေးက...

"ဟယ် ဟုတ်လား၊ ဘယ်ဘက်က လာတာလဲ၊ မြဝတီကလား၊ မြန်မာ့ရုပ်မြင်ကလား"

"မြဝတီက လာတာလေ၊ ပေါင်ချိန်ဇာတ်လမ်း ကြားထဲမှာပေါ့"

"ဟယ်... မကြည့်လိုက်ရတာ နာတာပဲ၊ ငါက မြန်မာ့ရုပ်မြင်ဘက်က မြန်မာကား ကောင်းလို့ ကြည့်နေတာ၊ တီဗွီကလဲနော် ဘာကြောင့်များ ဇာတ်ကား ကောင်းတွေကို ဟိုဘက် ဒီဘက် အချိန်တိုက်ပြီး ပြရတာလဲ မသိဘူး"

"အမယ် ဒါ ဘာဟုတ်သေးလဲ၊ နောက်ဆိုရင် တီဗွီလိုင်းတွေ လေး ငါး ခြောက်လိုင်းမက ရှိလာဦးမှာတဲ့ ကိုစံပ ပြောတာ ကြားဖူးတယ်"

"ဟင်... ဒါဆို အင်တင်နာတွေ အများကြီး ထောင်ရမှာပေါ့"

စကားဦးတည်ရာ ပြောလာကြရင်းက ချွဲချွဲတို့ အိမ်ရှေ့ ရောက်လာသည်။ ချွဲချွဲက အဖော်မိန်းကလေးဘက် လှည့်ပြီး စကားဆက်ဖို့ ပြင်လိုက်သည်။ အဖော်မိန်းကလေးက ချွဲချွဲကို မကြည့်ဘဲ အိမ်ဘက်သို့ ကြည့်နေ၏။ ပြီးတော့ ချွဲချွဲကို လက်ကုတ်ပြီး အိမ်ဘက်သို့ မေးငေါ့ပြသည်။ ချွဲချွဲ လှမ်းကြည့်သည်။ အံ့သြသလို ဖြစ်သွား၏။

အိမ်ရှေ့တွင် အလတ်စား ကျောက်သင်ပုန်း တစ်ချပ် ထောင်ထားသည်။ ရေးထားသော စာတွေကတော့....

'ရောင်းရန်'

လက်ရှိ အသုံးပြုနေသော မိန်းမ ရောင်းမည်။

အရည်အချင်းများမှာ...

(၁) ထမင်း ဟင်း လုံးဝ မချက်တတ်။

(၂) အိမ်သန့်ရှင်းရေး စိတ်မဝင်စား။

(၃) အဝတ်လျှော်ခြင်း ဝါသနာမပါ။

(၄) ၂၄ နာရီ Non Stop အတင်းပြောနိုင်သည်။

ဦးရာလူ ရမည်။ အိမ်တိုင်ရာရောက် စရိတ်ငြိမ်း ပို့ပေးမည်။

(အထူး ညှိနှိုင်းဈေး)

ချွဲချွဲသည် ပါးစပ်အဟောင်းသား ဖြစ်နေရာမှ မျက်နှာတင်းခနဲ ဖြစ်သွား

mgyoe.com

m gyoe.com  SAMPLE BOOK 

၏။ နှုတ်ခမ်းကို ကိုက်ပြီး သင်ပုန်းကို စိုက်ကြည့်နေသည်။ ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီးနောက် အိမ်ပေါ်သို့ ပြေးတက်သွား၏။

ကိုစံပသည် အိမ်ရှေ့ခန်းတွင် ပက်လက်ကုလားထိုင်နှင့် ထိုင်ရင်း ပုဆိုးပေါက် ဖာနေသည်။ ချွဲချွဲသည် ခြေကို ဆောင့်နင်းရင်း အိမ်ပေါ် တက်လာသည်။

"ကိုစံပ၊ ရှင် ဒါက ဘာလုပ်တာလဲ"

ကိုစံပက မော့မကြည့်ဘဲ....

"ပုဆိုး ဖာနေတာလေ၊ မင်းက အားမကိုးရတော့ ကိုယ့်ဘာသာ လုပ်ရတော့တာပေါ့"

"ဒါကို ပြောတာ မဟုတ်ဘူး၊ အပြင်မှာ ရေးထားတာ"

ချွဲချွဲက အပြင်ဘက် လက်ညှိုးထိုးရင်း ဒေါသသံစွက်၍ ပြောသည်။ ကိုစံပက ခပ်အေးအေးပဲ...

"မင်း စာဖတ်တတ်သားပဲ"

"ဒါ ဒါ သက်သက်မဲ့ ကျွန်မကို အရှက်ခွဲတာပေါ့ ဟုတ်လား"

"ငါ ရေးထားတာ အားလုံး အမှန်တွေချည်းပဲလေ"

ချွဲချွဲသည် မခံချိ မခံသာဟန်ဖြင့် ခုန်ဆွခုန်ဆွ ဖြစ်နေသည်။

"ရှင် ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ"

"ဘာ"

"ဟုတ်တယ်၊ မင်းကို ငါ စိတ်ပျက်နေတာလဲ ကြာပြီ"

ချွဲချွဲသည် ဒေါသလည်း ဖြစ်၊ အံ့လည်း အံ့သြနေ၏။ ကိုစံပသည် တစ်ခါမျှ ခုလို မလုပ်ခဲ့ဖူး။ သူ့အပေါ် အမြဲအလိုလိုက်၊ အလျှော့ပေးခဲ့တာချည်းပဲ။ သူကသာ စိတ်ကောက်လိုက်၊ စူဆောင့်လိုက်၊ လုပ်ခဲ့တာ ရှိ၏။ ခုတော့ ထူးထူးခြားခြား သူ့ကို နှိပ်ကွပ်နေသည်။ ပုံစံကလည်း ထိမထင်သလို အေးတိအေးစက်။ တစ်ယောက်ယောက်ကများ မြှောက်ပေးထားသလား။ မမွေးယောက်ျား ကိုအောင်ထူး ဖြစ်နိုင်သည်။ ဒီလူကြီးက သူကိုယ်တိုင်သာ မမွေးကို မလှန်နိုင်ဘဲ ရှိချင် ရှိမည်။ သူများကို ဆရာလုပ် အကြံပေးတာမျိုးတော့ ဝါသနာပါသည်။

mgyoe.com

mgyoe.com


ဘာပဲဖြစ်ဖြစ် ဘယ်သူက မြှောက်ပေးသည် ဖြစ်စေ၊ ဒါမျိုးတော့ ငုံ့ခံလို့ မဖြစ်။ အကြောင်းသိအောင် တစ်ခုခုတော့ လုပ်ပြရမည်ဟု တွေးပြီး…

"စိတ်ပျက်တယ် ဟုတ်လား၊ ဒါဆိုလဲ ကောင်းပြီ"

ခြေသံပြင်းပြင်း နင်းပြီး အိပ်ခန်းထဲ ဝင်သွားသည်။ အဝတ်အစား တချို့ကို ယူသည်။ လက်ဆွဲအိတ် ရှာမတွေ့သဖြင့် ကြွပ်ကြွပ်အိတ် နှစ်လုံးထဲ ထည့်သည်။ ထို့နောက် အိတ်နှစ်လုံး ဆွဲပြီး အိမ်ရှေ့ခန်းကို ပြန်ထွက်လာသည်။ ကိုစံပဆီ စောင်းငဲ့ကြည့်သည်။

ကိုစံပက ဂရုတောင်မစိုက်။ ပုဆိုးကိုသာ စိတ်ပါဝင်စားစွာ ငုံ့၍ ချုပ်ရင်း ချွဲချွဲ ကြိုက်လှပါတယ် ဆိုသော ကြော်ငြာထဲက သီချင်းအလိုက်အတိုင်း လေချွန်နေ၏။

ချွဲချွဲသည် အိတ်နှစ်လုံးကို တမင် အသံမြည်အောင် ဆောင့်ပြီး ပစ်ချသည်။ ကိုစံပဆီက ထူးခြားသော တုံ့ပြန်မှု မရှိ။ ထို့ကြောင့်…

"ကိုစံပ"

ဟု အော်ခေါ်လိုက်၏။ ဒီတော့မှ ကိုစံပ မျက်လုံးလှန်ကြည့်သည်။

"ရှင်နဲ့ မပေါင်းနိုင်တော့ဘူး၊ သွားမယ်"

ကိုစံပက ခေါင်းညိတ်လိုက်ပြီး၊

"ကောင်းသားပဲ၊ ငါလဲ ဝဋ်ကျွတ်သွားတာပေါ့"

ချွဲချွဲ အံကြိတ်လိုက်သည်။ ဒီလို တုံ့ပြန်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။ အိတ်တွေကို ကောက်ဆွဲပြီး ခြေသံကို တမင် မြည်အောင် ဆောင့်နင်းပြီး ထွက်သွားသည်။ ကိုစံပက တစ်ချက်သာ ငဲ့ကြည့်သည်။ ထိုင်ရာက မထ။

ချွဲချွဲ စိတ်ထဲမှာ အိမ်ပေါက ဆင်းမည် ဆိုလျှင်တော့ ကိုစံပ ကြည့်နေမှာ မဟုတ်။ ရအောင် တားမှာပဲဟု ထင်ခဲ့သည်။

ခုတော့ ခက်နေပြီ။ ဆင်းမယ် ပြောပြီးမှ ဆက်နေလို့လည်း မဖြစ်။ ကိုစံပက အနိုင်နဲ့ ပိုင်းတော့မည်။ သူသည် ဖိနပ်ချွတ်မှာ ရပ်ရင်း ဘာလုပ်ရကောင်းမလဲ အတန်ကြာအောင် စဉ်းစားနေသည်။ ကိုယ့်ဘက်က သိက္ခာ မကျအောင် တစ်ခုခုတော့ လုပ်မှဖြစ်မည်။ မတတ်သာသည့်အဆုံး အိမ်ထဲ ကိုယ်တစ်ခြမ်း ပြန်ဝင်ပြီး–

"ဒီမှာ ကိုစံပ၊ ရှင် ကျွန်မကို တားမယ်လို့တော့ စိတ်မကူးနဲ့ မရဘူး မှတ်ပါ၊ သိလား"

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ကိုစံပက ဘာမှ ပြန်မပြောဘဲ မြန်မြန်သွားစမ်းပါ ဆိုသော သဘော လက်ဟန်ဖြင့် လုပ်ပြသည်။ ချွဲချွဲ နှုတ်ခမ်းစူသည်။ 'ဟင်း' ဆိုလုပ်ပြီး လှည့်ထွက်သွား၏။

ထိုအခါကျမှ ကိုစံပလည်း ချုပ်လက်စပုဆိုးကို ကြမ်းပေါ် ပစ်ချပြီး ထရပ်သည်။ ခါးကော့၍ ဘယ်ညာလှည့် အညောင်းဖြေရင်းက..

"ကောင်းတယ်၊ ကောင်းတယ် သွား သွား၊ ဒါမှ ငါတစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေလို့ရပြီ၊ ဟား ဟား လွတ်ပြီ၊ ကျွတ်ပြီကွ ဟားဟား"

အားပါးတရ ကြုံးဝါးနေစဉ် အိမ်ပေါ်တက်လာသော ခြေသံကို ကြားရ၏။ ဟင်း မိုးလားကဲလား ပြောပြီး ခုတော့ ပြန်လာပြီ ထင်တယ်ဟု တွေးရင်း လှည့်ကြည့်သည်။

သူ အံ့သြသွား၏။ အိမ်ပေါက်ဝမှ ရပ်နေသူမှာ ချွဲချွဲ မဟုတ်၊ ကိုအောင်ထူးသာ ဖြစ်၏။ သူ့နဖူးမှာ ပလတ်စတာ တစ်ခု ကပ်ထားသည်။ လက်ထဲမှာလည်း အဝတ်အစား အိတ်တစ်လုံးကို ဆွဲလို့ပါလား။

ဘီအီး ပုလင်းတစ်ဝက် ကျိုးသွားပြီ။ သူတို့ သူငယ်ချင်းနှစ်ယောက် ခုလို လွတ်လွတ်လပ်လပ် မသောက်ရတာ ကြာပြီ။ လူပျိုဘဝတုန်းကတော့ တစ်ပတ်တစ်ခါ နှစ်ခါ ဆုံဖြစ်သည်။ အိမ်ထောင်ကျပြီးကြတော့ အတွေ့ကျဲသွားသည်။ ကိုစံပက အလုပ်ပြန် နောက်ကျတတ်တာရယ်၊ ကိုအောင်ထူးက မမွှေးကို ကြောက်လို့ သိပ်မသောက်ရဲတာရယ်ကြောင့် ဖြစ်၏။

ဒီနေ့တော့ အခွင့်အရေးရတုန်း ကောင်းကောင်းကဲမည်ဟု စိတ်ကူးထားကြသည်။ ထို့ကြောင့် ခဏအတွင်းမှာ တစ်ပိုင်းကုန်သွားခြင်း ဖြစ်၏။ အမြည်းကတော့ သိပ်မကောင်း။ ပဲကြီးလှော်နှင့် အာလူးကြော်တို့သာ ဖြစ်၏။

"အေး... မင်းပြောတာ ဖြစ်နိုင်တယ်၊ ချွဲချွဲဟာ တခြား အိမ်တွေ သွားမှာ မဟုတ်ဘူး၊ သူ့ မိဘအိမ်ကလဲ လက်ခံမှာ မဟုတ်ဘူး။ မင်းအိမ်ကိုပဲ သွားမှာ သေချာတယ်၊ ကောင်းပါတယ်... သူတို့နှစ်ယောက်လဲ အဖော်ရ၊ ငါတို့ နှစ်ယောက်လဲ အခွင့်အရေးရတုန်း လွတ်လွတ်လပ်လပ် ပျော်ကြတာပေါ့"

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုစံပက ပြောရင်း တစ်ခွက် ထပ်ငှဲ့သည်။ ကိုအောင်ထူးက...

"ဟုတ်တယ်ကွ၊ တစ်ခါတလေကျတော့လဲ မိန်းမတွေကို အဲဒီလို လုပ်ပေးမှ နောင်ကြဉ်မှာ။ မင်း ချွဲချွဲကို ပညာပေးလိုက်တာ သိပ်ကောင်းတယ်၊ ငါလဲ မမွှေးကို ပညာပေးချင်လို့ အိမ်ပေါ်က ဆင်းလာတာ ဟား ဟား ဟား၊ ဒါမှ မှတ်မယ်၊ ဟား ဟား"

အားပါးတရ ရယ်လိုက်ရာ နဖူးကြော တင်းသွားပြီး ဒဏ်ရာက ဆစ်ခနဲ ဖြစ်သွားသဖြင့် ရှုံ့မဲ့ပြီး ပလတ်စတာကို စမ်းလိုက်မိ၏။ ကိုစံပက ဒါကို ကြည့်၍ 'သူ ပညာပေးပုံကလည်း တစ်မျိုးကြီးပါလား' ဟု စိတ်ထဲက တွေးသည်။ နှုတ်ကတော့ "ဒါပေါ့၊ ဒါပေါ့" ဟု ထောက်ခံလိုက်သည်။

ကိုအောင်ထူးက ဆက်၍...

"မင်းလဲ ချွဲချွဲကို လိုက်မခေါ်နဲ့၊ ငါလဲ အိမ်မပြန်ဘူး၊ လူပျိုဘဝတုန်း ကလို ပြန်နေကြည့်ကြရအောင်... မကောင်းဘူးလား"

ကိုစံပ ခေါင်းညိတ်မည်ပြုပြီးမှ တစ်ချက်တွေသွားပြီး...

"ကောင်းတော့ ကောင်းပါတယ်ကွာ၊ ဒါပေမဲ့..."

ဆိုပြီး ခေါင်းကုတ်နေ၏။ ကိုအောင်ထူးက အကဲခတ်ပြီး...

"ဘာလဲ... မင်းက မိန်းမကို လွမ်းနေလို့လား ခေါက်ထားလိုက်စမ်းပါ ကွာ၊ ငါ တစ်ယောက်လုံး ရှိတာပဲဟာ"

"ဘာ... ဟေ့ကောင် မင်းစကားက..."

"ဟာ ဒီကောင် ငါပြောတာ ဒီအဓိပ္ပာယ် မဟုတ်ဘူး၊ သူငယ်ချင်း တစ်ယောက်လုံး ရှိနေတာ ဘာ အားငယ်စရာလိုလို့လဲလို့ ပြောတာကွ"

"မိန်းမကို မလွမ်းပါဘူးကွာ၊ သူ့ပိုက်ဆံအိတ်ကိုတော့ သတိရသား၊ ချွဲချွဲက အိမ်မှာရှိတဲ့ ပိုက်ဆံတွေအကုန် ယူချသွားတယ်ကွ၊ ငါ ဝှက်ထားတာလေး နည်းနည်းပါးပါးပဲ ကျန်တော့တယ်၊ ငါလုပ်နေတဲ့ ကုမ္ပဏီကလဲ နားနေရတော့ ဝင်ငွေမရှိဘူး၊ ဒီကြားထဲ စားဖို့သောက်ဖို့ ပြဿနာ ရှိတယ်ကွ"

"ငါ့မှာတော့ မမွှေး မသိအောင် ကစ်လာတဲ့ ငွေ နည်းနည်းပါးပါး ပါသေးတယ်ကွ၊ နှစ်ယောက်ပေါင်းလိုက်ရင် လတ်တလောတော့ စားဖို့ သောက်ဖို့ အဆင်ပြေပါတယ်၊ ဒီကြားထဲ တစ်ခုခု ကြံကြံ ဖန်ဖန်ကြတာပေါ့၊ သိပ်ပူမနေပါနဲ့ကွာ၊

mgyoe.com

mgyoe.com
SAMPLE BOOK


ငါတို့နှစ်ယောက် လူပျိုဘဝတုန်းက ပိုက်ဆံတစ်ပြားမှ မရှိဘဲနဲ့တောင် ရုပ်ရှင်ကြည့်လို့ရအောင် ဖန်တီးနိုင်ခဲ့သေးတာပဲ"

"အေးကွာ၊ ကြုံသလို ကြည့်လုပ်ရမှာပဲ၊ ပိုက်ဆံကိစ္စ ခေါင်းထဲဝင်လာတာနဲ့ အမူးတောင် ပြေချင်သလို ဖြစ်သွားပြီ၊ ထပ်တင်လိုက်ဦးမှပဲ"

ဆိုပြီး ထပ်ငှဲ့၍ မော့ချလိုက်သည်။ ထို့နောက် ငယ်ငယ်တုန်းက ပျော်ခဲ့ပါးခဲ့ပုံများကို အမှတ်တရ ပြန်ပြောရင်း သန်းခေါင်ကျော်မှ အိပ်ရာထဲ ဝင်ခဲ့ကြလေ၏။

♥

mgyoe.com

mgyoe.com
SAMPLE BOOK

## ( ၆ )



ကိုအောင်ထူးတို့ ခန့်မှန်းတာ မှန်သည်။ ချွဲချွဲသည် မမွှေးဆီကို တန်းတန်း မတ်မတ် ရောက်ရှိသွားလေ၏။ သူ့အနေဖြင့် တခြားသူတွေလို ယောကျ်ားနှင့် စိတ်ဆိုးလို့ မိဘအိမ်ပြန်လို့ မဖြစ်။ သူ့အဖေ၊ အမေ အကြောင်း သူ သိသည်။ လက်ခံမှာ မဟုတ်။ ကိုစံပနှင့် သဘောမတူသောကြောင့် ဖြစ်နေသော ဒေါသ မပြေသေးတာ ချည်းပဲတော့ မဟုတ်။ သူ့ကို လက်ခံထားလျှင် ရက်အကန့်အသတ် မရှိ ကျွေးမွေးထားရမည်။ အသုံးစရိတ်လည်း ပေးရမည်။ ဒီဒဏ်တွေ ခံမှာ မဟုတ်။ အဖေတို့၊ အမေတို့ဆီ သွားလျှင် ကိုစံပဆီ ချက်ချင်း ပြန်သွားခိုင်းမှာ သေချာသည်။

မမွှေးကတော့ သူ့ကို ချက်ချင်း လက်ခံလိုက်သည်။

မမွှေးသည် ကိုအောင်ထူးကို နှင်ချလိုက်ပြီးနောက် နားအေးပါးအေး နေရတော့မည်ဟု ထင်ခဲ့သည်။ ကိုအောင်ထူးသည် အိမ်ပေါ်က မဆင်းခင် မမွှေး၏ ပိုက်ဆံအိတ်ထဲက ငွေအချို့ကို အလစ်မှာ နှိုက်သွားခဲ့သည်။ နောက်ပိုင်း ပြန်စစ်

mgyoe.com

m g y o e . c o m

SAMPLE BOOK


ကြည့်မှ သိရခြင်း ဖြစ်၏။ ဒီလောက်ကတော့ ကိစ္စမရှိ၊ သူ အိမ်မှာ ရှိနေလည်း ကျွေးထားရတာပဲ ဘာထူးလဲ။

ကိုအောင်ထူး မရှိသဖြင့် အကုန်အကျလည်း သက်သာ၊ ပြောရဆိုရ စိတ်တိုရတာလည်း လျော့ပါးသွားသဖြင့် မဆိုးလှဟု ထင်သည်။ သို့ရာတွင် တစ်ယောက်တည်း ကျတော့လည်း ပျင်းခြောက်ခြောက်ကြီး ဖြစ်နေ၏။

ထိုအချိန်မှာ ချွဲချွဲ ရောက်လာသည်။ ဘာပဲဖြစ်ဖြစ် စကားပြောဖော် တော့ ရပြီး ဆိုင်အတွက်၊ အိမ်အတွက် ကူဖော်လောင်ဖက်လည်း ရနိုင်သည်။ အပျင်း ပြေဖို့ အတွက်တော့ လုံးဝ ပူစရာ မလိုတော့။

သို့ရာတွင် သူ့တွက်ကိန်းသည် ပထမဆုံးနေ့မှာပင် စတင် လွဲခဲ့လေ၏။ ရောက်ရောက်ချင်းမှာတော့ ကိုစံပက သူ့ကို ဘယ်လို အရှက်ခွဲခဲ့ကြောင်း၊ သူ့မှာ ရပ်ကွက်ထဲမှာ မျက်နှာမပြရဲအောင် ဖြစ်ခဲ့ရကြောင်း၊ အသက်နှင့် လူလုပ်တာ မဟုတ်၊ အရှက်နှင့် လူလုပ်ခြင်း ဖြစ်ကြောင်း၊ အစကတော့ ကြွက်သတ်ဆေး သောက်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့ စိတ်ကူးခဲ့သေးကြောင်း၊ ဆေးနံ့ မခံနိုင် သောကြောင့် မသောက်ဖြစ်ကြောင်း၊ နောက်ဆုံး မမွေးသာလျှင် အားကိုးရာဟု ဆုံးဖြတ်ပြီး လာခဲ့ခြင်းဖြစ်ကြောင်း တစ်နာရီလောက် ကြာအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုယိုရင်း ပြော၏။

မမွေးက ချော့မော့လိုက်မှ အငိုတိတ်သွားသည်။ အတန်ကြာတော့...

"သိပ်ငိုရလွန်းရင် ဗိုက်ဆာတတ်တယ် ထင်တယ်"

ဆိုပြီး မနက်က ကျန်သည့် မုန့်ဟင်းခါးဖတ်တွေကို သုပ်စားသည်။ ညဦးပိုင်း ရောက်တော့လည်း...

"မမွေးတို့ အိမ်မှာ တီဗွီ မရှိတာ နာတာပဲ၊ ဟိုမှာတုန်းကတော့ ဘေးအိမ် မှာ သွားကြည့်လို့ ရတယ်"

ဟု စကားခေါ်သည်။ ပြီးမှ...

"ဟာ... ကြည့်စမ်း မေ့နေတယ်၊ မပွင့်တို့အိမ်မှာ တီဗွီရှိတာပဲ၊ စိတ်ပြေ လက်ပျောက် သွားကြည့်လိုက်ဦးမယ်နော်၊ ကလေးအဖေ အစစ်က ဘယ်သူလဲ ဆိုတာ ဒီနေ့မှ ပေါ်မှာ သိလား"

ဆိုပြီး ထွက်သွားသည်။ ညဆယ့်တစ်နာရီလောက်မှ ပြန်လာသည်။ ပြောစရာ စကားတွေလည်း ပါလာသည်။

m g y o e . c o m

mgyoe.com
SAMPLE BOOK


"မပွင့်တို့ တီဗွီက ဆယ့်လေးလက်မလေးပါ၊ စက်က တော်တော် ကျနေပါပြီ၊ သိပ်လဲ မကြည်တော့ဘူး၊ ဒါတောင် သူက ဂျပန်အစစ် ဆိုပြီး ကြွားနေသေးတယ်၊ ဟင်း ထန်စမာပုံ မြင်ကတည်းက ဒိုကြီး ဆိုတာ သိသားပဲ၊ ပြီးတော့ ပြောသေးတယ်၊ မမွှေးက လက်ဖွာလို့တဲ့၊ ကျစ်ကျစ်လျစ်လျစ်သာ ဆိုရင် သူ့လိုပဲ တီဗွီဝယ်နိုင်မှာတဲ့"

"အမယ်... သူက ငါ့ကို ဒီလိုပြောသလား၊ နောက်တစ်ခါ ပြောလိုက်စမ်းအေ၊ တီဗွီ ဝယ်နိုင်ဖို့အတွက် နှပ်ချီးကို ငါးပိလုပ်ပြီးတော့ မစားနိုင်ဘူးလို့၊ ကော်တရာမကများ ငါ့ကို"

စသည်ဖြင့် ပြောကြပြီးမှ အိပ်ရာဝင်ခဲ့ကြ၏။

မနက်ကတော့ မမွှေးက ထုံးစံအတိုင်း လေးနာရီသာသာမှာ ထပြီး ဆိုင်ထွက်ဖို့ ပြင်ဆင်ရသည်။ ရောက်ခါစဆိုတော့ ကောင်မလေးက အကျင့်ရှိမှာ မဟုတ်သေးဘူး ဆိုပြီး ချွဲချွဲကို မနိုးသေး။ နိုးရင်တော့ ဆိုင်ကို လိုက်လာမှာပဲဟု တွက်ပြီး သူ့ဘာသာပင် ဆိုင်ထွက်လိုက်သည်။

သို့ရာတွင် ခုနစ်နာရီကျော်သည်အထိ ချွဲချွဲက လိုက်မလာ။ အရေးထဲမှာ နံနံပင်က ကုန်သွားသဖြင့် ဆိုင်ကို မပိုင်းခင်နှင့် ခဏအပ်ခဲ့ပြီး အိမ်ကို အမြန် ပြန်ပြေးရသည်။

ချွဲချွဲက နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတုန်း။ မမွှေးက ချွဲချွဲကို လှုပ်နိုးရင်း...

"ချွဲချွဲ... ချွဲချွဲ... ထတော့လေ၊ ဘယ်အချိန် ရှိပြီလဲ"

ချွဲချွဲက ချက်ချင်း မနိုး။ အတန်ကြာ လှုပ်နိုးမှ မျက်စိမဖွင့်ဘဲ အသံသာ ထွက်လာ၏။

"အင်း... အစောကြီး ရှိသေးတယ်"

"ဟဲ့ မစောတော့ဘူး၊ ခုနစ်နာရီတောင် ခွဲနေပြီ"

"ဟာ အိမ်မှာဆိုရင် ရှစ်နာရီခွဲလောက်မှ ထတာ"

"ဘုရားရေ... တယ်လဲ ဇိမ်ကျပါလား၊ ငါတို့များ မနက်လေးနာရီ ထပြီး ဆိုင်ဖွင့်ဖို့ ပြင်ဆင်ရတာ၊ ခုလဲ ဆိုင်ကို သူများနဲ့ အပ်ခဲ့ရတာ ပြန်ပြေးရဦးမယ်။ ကဲ ကဲ... ထတော့၊ ဆိုင်မှာ နည်းနည်းပါးပါး လာကူပါဦး"

ချွဲချွဲက ကိုယ်ကို တစ်ဖက်သို့ လှိမ့်လိုက်ပြီး...

"ဟင် မမွှေးကလဲ၊ ခါတိုင်းလဲ မမွှေးတစ်ယောက်တည်း ရောင်းနေကျပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဟာ၊ ကျွန်မ အိပ်ရေးမဝရင် ခေါင်းမူးတတ်တယ် သိလား၊ ကျွန်မ နေမကောင်းရင် မမွှေးပဲ ပြုစုရမှာ”

မမွှေး သက်ပြင်းချရသည်။ သူ့ကို နှိုးနေရတာနဲ့ ဆိုင်မှာ လူကျနေပြီလား မသိ။ မပိုင်းခင်ကလည်း မတတ်သာလို့သာ လွှဲခဲ့ရတာ သိပ်စိတ်ချရတာ မဟုတ်။ ခုလောက်ရှိ အကြော် နှစ်ခု၊ သုံးခုလောက်တော့ သူ မရှိတုန်း ဝါးပြီးနေလောက်ပြီ။ ထို့ကြောင့်...

“အမယ်လေး... ဒါဆိုလဲ အိပ်ပါတော်၊ ဝအောင် အိပ်တော်မူပါ”

မျက်စောင်းခဲ၍ ပြောပြီး ခပ်သုတ်သုတ် ထထွက်သည်။

“မုန့်ဟင်းခါး ချန်ထားဦးနော် မမွှေး၊ အကြောကွေးနဲ့”

ချွဲချွဲက အိပ်ချင်မူးတူး အသံဖြင့် လှမ်းမှာလိုက်သေးသည်။

♥

mgyoe.com

mgyoe.com SAMPLE BOOK

( ၄ )



ကိုအောင်ထူးနှင့် ကိုစံပတို့သည် နောက်ကျမှ ကြည့်ပြီး ကြံဖန်မည် ဆိုပြီး ခပ်ပျော်ပျော်ပင် နေခဲ့ကြသည်။ တစ်ပတ် နှစ်ခါလောက် ပုလင်းထောင် ဖြစ်သည်။ အားနေကြသဖြင့် စာဖတ်လိုက်၊ စကားထိုင်ပြောလိုက်၊ ဗွီဒီယိုရုံ သွားလိုက်၊ အတော် ဟုတ်နေသည်။

သို့ရာတွင် လက်ထဲရှိတဲ့ ငွေက တဖြည်းဖြည်း ပွန်းလာပြီး ကိုအောင်ထူးက ညနေ သောက်ရအောင်ဟု ဆိုသောအခါ ကိုစံပက...

"သိပ်စိပ်လို့ မဖြစ်တော့ဘူးကွ၊ ပိုက်ဆံက တော်တော် နည်းနေပြီ၊ တစ်ပတ် တစ်ခါလောက်ပဲ သောက်မှ ဖြစ်တော့မယ်၊ ထမင်း မငတ်ဖို့က အရေးကြီးတယ်ကွ၊ ရှိတာလေး ကုန်သွားရင် ဘယ်လို ဆက်ပြီး နေထိုင် စားသောက်ကြမလဲ အကြံထုတ်စမ်းပါဦး"

ကိုအောင်ထူးက မေးစေ့ပွတ်၍ စဉ်းစားရင်း ဗီရိုပေါ် တင်ထားသော တရုတ်ပြည်ဖြစ် ကက်ဆက်ရီကော်ဒါလေးကို မြင်သွားသည်။

mgyoe.com

 SAMPLE BOOK 

"ပုံဟာလေးကို အားကိုးရမှာပေါ့"

ဆိုပြီး မေးငေါ့ပြသည်။ ကိုစံပ ကက်ဆက်ကို လှမ်းကြည့်ပြီး...

"ဒါတော့ မဖြစ်ဘူးကွ၊ အဲဒီကက်ဆက်က ချွဲချွဲရဲ့ အသည်းစွဲပစ္စည်း"

ဟု ပြောရင်း ကိုအောင်ထူး လက်က နာရီကို လှမ်းကြည့်သည်။ ကိုအောင်ထူးကလည်း ချက်ချင်း ရိပ်မိ၏။ ခုပဲ ကိုစံပက ဆွဲပြီး ဖြုတ်တော့မည်ကို စိုးရိမ်သည့် ဟန်မျိုး နာရီကို လက်နဲ့ အုပ်လိုက်ပြီး...

"ချမ်းသာပေးပါကွာ၊ ဒါ ငါ့ဘဝအတွက် နောက်ဆုံး နာရီလေးပါ။ မမွေးက နောက်ထပ် ဝယ်ပေးမှာ မဟုတ်တော့ဘူး"

"ဩော်... မင်းပစ္စည်းကျတော့ ထိမှာ ကြောက်သလား"

"ငါ ဆိုလိုတာက ဒီလိုပါ။ မင်း ကက်ဆက်ကို ရောင်းဖို့ မဟုတ်ဘူး၊ ပေါင်ရုံ ပေါင်ဖို့ပါ၊ ဒီကြားထဲ တစ်ခုခု အဆင်ပြေရင် ပြန်ရွေးတာပေါ့"

"လိုအပ်လာရင်တော့ မင်းနာရီကိုလဲ လျှော့သင့် လျှော့ရမှာပဲ"

"အေးပါကွာ၊ တကယ် လိုအပ်လာရင် ဘယ်တတ်နိုင်မလဲ"

"နေစမ်းပါဦး၊ မင်း ခုနပြောတာ ဒီကြားထဲ တစ်ခုခု အဆင်ပြေရင် ဆိုတာက ဘာလဲ၊ ဘာစိတ်ကူးရှိလို့လဲ"

"ငွေရပေါက်ရလမ်းပေါ့"

"မင်း အကြံရှိရင် ပြောကွာ၊ ကောင်းရောင်းကောင်းဝယ် ဆိုရင် ပြီးတာပဲ"

ကိုအောင်ထူးက ချက်ချင်း မပြောသေးဘဲ ဆေးလိပ်တို လိုက်ရှာသည်။ ပြတင်းပေါက်ပေါင်ပေါ်မှာ တစ်တို တွေ့သဖြင့် မီးညှိဖွာသည်။ ပြီးမှ...

"ငါတို့ သင်တန်းဖွင့်ရင် ကောင်းမယ်ကွ"

"ဟာ... ငါတို့က ဘာတတ်လို့ ဖွင့်ရမှာလဲကွ၊ သင်ခဲ့ဖူးတာတွေလဲ မေ့ကုန်ပြီ၊ မူလတန်းတောင် ပြနိုင်မှာ မဟုတ်တော့ဘူး။ ဘယ်သူကကော ငါတို့ဆီ လာအပ်မှာမို့လဲ"

"ကလေးတွေ စာပြဖို့ ပြောတာ မဟုတ်ဘူး၊ ငါ ပြောတာက အချစ်နဲ့ ပတ်သက်တဲ့ သင်တန်း"

"အချစ်နဲ့ ပတ်သက်တာ"

"အေး... ချာတိတ်တွေကို အချစ်နဲ့ ပတ်သက်တဲ့ သင်တန်း ပေးမယ် လေကွာ၊ သင်တန်းကြေး ယူပြီးတော့ပေါ့"

mgyoe.com

"ကြည့်လဲ ပြောပါကွာ၊ ကိုယ့်ဟာကိုယ်တောင် မိန်းမတွေနဲ့ အဆင်မပြေလို့ ဒီအခြေအနေ ရောက်နေကြတာ"

"ဒါတွေ သူတို့ သိတာလိုက်လို့ကွာ၊ ဒီမှာ ဟော့ကောင် ခုချိန်မှာ အပြောကောင်းရင် ဟုတ်ဟုတ် မဟုတ်ဟုတ် လူအထင်ကြီးကြတာပဲ၊ ကြော်ငြာကောင်းလို့ကတော့ ဘီယာကို အားတိုးဆေးလို့ ပြောလဲ ယုံတာပဲ။ ခေါင်းလျှော်ရင် စာမေးပွဲ အောင်တယ် ပြောလဲ ယုံချင်ယုံတာပဲ"

"နေစမ်းပါဦး၊ ငါတို့က ဘယ်မှာ သွားကြော်ငြာရမှာလဲ၊ စားဖို့တောင် အနိုင်နိုင်"

"ကြော်ငြာတယ် ဆိုတာ ဘာလဲ၊ လူသိဖို့ပဲ မဟုတ်လား၊ နောက်ပြီးတော့ ငါတို့က လူ သိပ်များများ သိဖို့မလိုပါဘူး၊ ဒါမျိုး စိတ်ဝင်စားမယ့် လူတွေ သိရင် ပြီးတာပဲ၊ နှစ်ယောက် သုံးယောက်လောက် ရတယ် ဆိုရင် အလုပ်ဖြစ်ပြီလေ"

"ဒီတော့..."

"မင်း ကြည့်နေ... ငါ လုပ်ပြမယ်"

"ငါတို့သင်တန်းကို 'အသည်းကွဲ အကျိုးဆောင် အင်တာပရိုက်စ် ကုမ္ပဏီလီမိတက်' လို့ နာမည်ပေးမယ်"

ဟု ကိုအောင်ထူးက ပြောသည်။ ကိုစံပက–

"ဟာ... ကြီးကျယ်လှချည်လား မင်း နာမည်က"

"အဟိတ်အဟန့် ရှိအောင် လုပ်ရတယ်လေ၊ ကုမ္ပဏီလို့ ဆိုလိုက်တာနဲ့ နှစ်ယောက်နဲ့ တစ်ပိုင်းရှိလဲ အထင်ကြီးတတ်ကြတာ မဟုတ်လား"

"ကုမ္ပဏီတို့ ဘာတို့ ဆိုတာ လိုင်စင်တွေ ဘာတွေ လျှောက်ရတယ်လေကွာ၊ သက်သက် ပြဿနာတတ်နေဦးမယ်၊ တော်ကြာ ဂျာနယ်ထဲမှာ မင်း ရေးတဲ့ ဆောင်းပါး မပါဘဲ ဓာတ်ပုံကြီး ပါနေဦးမယ်"

ဟု ကိုစံပက ကန့်ကွက်သဖြင့် 'အသည်းကွဲ အကျိုးဆောင်လုပ်ငန်း' ဟူ၍သာ နာမည်ပေးရန် သဘောတူလိုက်ကြသည်။ ကိုအောင်ထူးသည် ဟိုစပ်စပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဒီစပ်စပ်သမားမို့ ပန်းချီစာလုံးလေး ဘာလေး နည်းနည်းပါးပါး ရေးတတ်သည်။ ထို့ကြောင့် ဆိုင်းဘုတ်တစ်ခု ရေးပြီး အိမ်ရှေ့မှာ ချိတ်ထားလိုက်လေ၏။

အသည်းကွဲ အကျိုးဆောင်လုပ်ငန်း

အချစ်ကြောင့် အသည်းကွဲနေသလား၊
ဝါရင့် ဆရာကြီးများကိုယ်တိုင် အနီးကပ် ကြီးကြပ်လမ်းညွှန်
ကူညီဖြေရှင်းပေးမည်။ အသေးစိတ် စုံစမ်းပါ။

ဆိုင်းဘုတ်ချိတ်ပြီး သုံးရက်လောက် ကြာသည်အထိ ဘာမျှ မထူးခြား။ ကလေးတစ်သိုက် ရောက်လာပြီး ဗီဒီယိုပြဖို့ ကြော်ငြာတာလားဟု မေးတာလောက်ပဲ ရှိ၏။ လမ်းက ဖြတ်သွားတဲ့ လူတွေကတော့ ကြည့်ပြီး ပြုံးသွားကြသည်။

ချွဲချွဲအတွက် ဆိုင်းဘုတ် ရေးသလိုမျိုး နောက်တာပဲ ထင်ကြ၏။

"မင်းဟာက ဟုတ်ပုံမလားကွ၊ ခုထိလဲ တစ်ယောက်မှ မလာသေးဘူး"

ဟု ကိုစံပက ညည်းသောအခါ ကိုအောင်ထူးက...

"လာမှာပါကွာ၊ စိတ်မပူစမ်းပါနဲ့၊ အချစ်ရေးကိစ္စ အဆင်မပြေတဲ့ လူတွေ ဒီလောကမှာ အများကြီးပါ"

"ခုခေတ် ကောင်လေးတွေက သိပ်လျင်တယ်နော်၊ တော်ရုံနဲ့ အထင်ကြီး တတ်တာ မဟုတ်ဘူး"

"ဘယ်လောက်ပဲ လျင်လျင်ပါကွာ၊ ဒီမှာ လူဆိုတာ သူ့ဟာသူဘာပဲ ဖြစ်နေဖြစ်နေ ပြဿနာနဲ့ ကြုံလာရင် အားကိုးရာ ရှာတတ်တာချည်းပဲ၊ အချစ်ကိစ္စမှာ ပိုဆိုးတယ်၊ အချစ်ဆိပ်တက်လာပြီ ဆိုရင် ဗယာကြော်သည် ကုလားကိုလဲ ဆရာတင်ဖို့ ဝန်မလေးဘူး"

"ဟော့ကောင် ငါ့ကို စောင်းမပြောနဲ့"

ကိုစံပသည် ချွဲချွဲကို လိုက်နေစဉ်က ကိုယ်တိုင် စာမပေးရဲသဖြင့် ဗယာကြော် ကုလားလေးကို အကူအညီ တောင်းခဲ့ရတာ ကိုအောင်ထူးက ပြန်အစဖော်လိုက်သောကြောင့် ဖြစ်၏။

"သဘောပြောတာပါ၊ ငါ့တုန်းကလဲ ကြည့်လေ၊ မမွေးကို ကြိုက်နေတဲ့

mgyoe.com

mgyoe.com

ကိစ္စ၊ မဆီမဆိုင် ဘုန်းကြီးကျောင်းက ကိုရင်ကြီးကို သွားရင်ဖွင့်မိတာ ဆရာတော်ကြားသွားလို့ လိုက်ရိုက်တာ ခံလိုက်ရသေးတယ် မဟုတ်လား။

ဒီလိုပဲကွ၊ စီးပွားရေးသမားတွေ ကြည့်၊ အရောင်းအဝယ် အဆင်မပြေဘူး၊ လုပ်ငန်း အရှုံးပေါ်တယ် ဆိုရင် အကြောင်းရင်းကို မရှာဘူး၊ ဗေဒင်ဆရာဆီ ပြေးမေးပြီး ယတြာချေ အရင်လုပ်ကြတာပဲ မဟုတ်လား၊ အချစ်ကိစ္စမှာ ဆိုရင် ပိုဆိုးတာပေါ့၊ မင်း စောင့်ကြည့်နေပါ၊ လာကို လာရ... ဟော"

စကားမဆုံးခင်မှာပင် အိမ်ရှေ့မှ စက်ဘီးဘဲလ်သံ 'ကလင် ကလင်' ကြားရသည်။ ထို့နောက်...

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

ဟု အော်ခေါ်သံ။

"တွေ့တယ် မဟုတ်လား၊ လာဘ်ဦးတော့ လာပြီ"

ကိုအောင်ထူး ပြောရင်း အိမ်ပြင် ထွက်သည်။ ကိုစံပလည်း နောက်က လိုက်သွား၏။ အိမ်ရှေ့တွင် လူငယ် တစ်ယောက်တည်း စက်ဘီးကို ကိုင်လျက် ရပ်ရင်း ဆိုင်းဘုတ်ကို သေသေချာချာ ကြည့်နေသည်။

"ဘာလဲ ညီလေး၊ စိတ်ဝင်စားလို့လား"

ကိုအောင်ထူးက လှမ်းမေးသည်။ လူငယ်က ခေါင်းညိတ်ပြသည်။ လူငယ်သည် မီးခိုးရောင် ဝတ်စုံကို ဝတ်ထားကြောင်း ကိုအောင်ထူး အကဲခတ်မိသဖြင့်–

"ဟဲ ဟဲ... ဝန်ထမ်း ဆိုရင်တော့ အထူးနှုန်းနဲ့ ကူညီမှာပါ"

"အထူးနှုန်း မရဘူး ခင်ဗျာ၊ သတ်မှတ်ထားတဲ့ အတိုင်း ပေးရမှာပဲ"

လူငယ်က ပြန်ပြောရင်း ဆိုင်းဘုတ်ကို တစ်ချက် လှမ်းကြည့်ပြန်သည်။ ဘယ်လိုလဲ၊ လျှော့ပါမယ် ဆိုတာတောင် အတင်းကို အပြည့်အဝ ပေးချင်နေပါလား။ ကိုအောင်ထူးက ကိုစံပကို မျက်စပစ်ပြသည်။ ကိုစံပက...

"အထူးနှုန်းနဲ့ လျှော့ပေးမယ် ဆိုပေမဲ့ ဝန်ဆောင်မှုကတော့ အပြည့်အဝ ရမှာပါ၊ ဘာမှ မပူပါနဲ့"

လူငယ်က ကြောင်တက်တက် ဖြစ်နေပြီးမှ–

"ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်က မြို့နယ်စည်ပင်ကပါ၊ ဒီဆိုင်းဘုတ်အတွက် အခွန်ဆောင်ဖို့ ပြောမလို့"

ဒီတော့မှ ကိုအောင်ထူး ပျာပျာသလဲ ဖြစ်သွားပြီး–

mgyoe.com

"ဟာ... ဒါက ယာယီ လုပ်ထားတာပါ၊ အမြဲတမ်း ချိတ်မယ့် ဆိုင်းဘုတ် မဟုတ်ပါဘူး"

"ကြော်ငြာသဘောပေါ့၊ ဒါဆိုလဲ လုပ်ထုံးလုပ်နည်းအရ ဆိုရင်"

ကိုစံပက ဝင်၍...

"ဒီလိုပါ ညီလေးရာ၊ ဒါ စီးပွားရေး လုပ်တာ မဟုတ်ပါဘူး၊ ငွေလိုလို့ အဲဒီလိုလဲ မဟုတ်ပါဘူး၊ ဟိုသင်း အစ်ကိုတို့က ဝါသနာအလျောက် လူငယ်တွေကို ကူညီချင်လို့ပါ"

ကိုအောင်ထူးကလည်း...

"ဟုတ်ပါတယ်၊ ညီလေးမှာလဲ အခက်အခဲရှိရင် ပြောလေ၊ အထူးနှုန်းနဲ့ အဲ... အခမဲ့ ကူညီပေ့ါမယ်"

လူငယ်က ခေါင်းကုတ်လိုက်ပြီး...

"အခက်အခဲကတော့ မင်္ဂလာဆောင်ဖို့ ပိုက်ဆံမရှိတဲ့ ပြဿနာပဲ ရှိတယ်၊ အိပ်ရာခမ်းနား တစ်စုံတောင် တစ်သောင်းခွဲတဲ့၊ ဒါတောင် ခုတင် မပါသေးဘူး၊ တစ်ဖက်ကလဲ လက်ထပ်ဖို့ လောနေပြီ၊ ဒါကြောင့် ရည်းစားကွဲအောင် လုပ်တဲ့နည်း ရှိရင်တော့ လိုချင်တယ်ဗျာ"

"ဟာ... ဒါတော့ ဘယ်ဖြစ်မလဲ၊ အစ်ကိုတို့က မပြေလည်တဲ့ လူတွေကိုသာ ပြေလည်အောင် လုပ်ပေးနိုင်တာ၊ အဆင်ပြေပြီးသားကို ကွဲအောင် လုပ်ဖို့ကတော့..."

"ဒါဆိုလဲ သွားမယ်ဗျာ၊ အဲဒီ ဆိုင်းဘုတ်ကိုတော့ အကြာကြီး ချိတ်မထားနဲ့နော်၊ ကျုန်တော့်ဆရာ တွေ့သွားရင် မလွယ်ဘူး"

ဟုပြောပြီး စက်ဘီးပေါ် တက်နင်းထွက်သွား၏။

"ဘယ့်နှယ်လဲကွ၊ မင်းရဲ့ လာဘ်ဦးကြီး ကံကောင်းလို့ ဆိုင်းဘုတ်ခွန် မဆောင်လိုက်ရတာပါကလား ဟေ"

ကိုစံပက ပြောသည်။ ကိုအောင်ထူးက...

"မင်းက တယ်လဲ လက်လျှော့လွယ်တာကိုး၊ အလုပ်တစ်ခု လုပ်တယ်ဆိုတာ ဖွဲ့ရှိရတယ်ကွ၊ ဟော ဟိုမှာ တစ်ယောက်လာနေပြီ"

လူငယ်တစ်ယောက် ဆိုင်ကယ်နှင့် လာနေသည်။ အိမ်ရှေ့အရောက်တွင် တစ်ချက် လှမ်းကြည့်ရုံကြည့်ပြီး ဆက်မောင်းသွားလေသည်။ ကိုစံပ ခေါင်းယမ်းသည်။ ထိုစဉ်မှာပင် ကိုအောင်ထူးက လက်ကုတ်ပြီး ပြသည်။

mgyoe.com

mgyoe.com

ဆိုင်ကယ်စီး လူငယ်သည် အတော်လှမ်းလှမ်း အရောက်မှာ ဆိုင်ကယ်ကို ရပ်လိုက်၏။ ခဏတွေးနေပြီးနောက် ဆိုင်ကယ်ကို ပြန်ကွေ့လာသည်။

"ငါတို့ဆီ လာတာ ဖြစ်နိုင်တယ်။ ငါတို့ အိမ်ထဲ ဝင်နေမှ ကောင်းမယ်။ တော်ကြာ ထွက်ကြိုသလို ဖြစ်နေရင် သိက္ခာကျတယ်ကွ လာ"

ကိုအောင်ထူးက ဦးဆောင်၍ အိမ်ထဲ ဝင်ခဲ့ကြသည်။ အိမ်ရှေ့ခန်းကို ရုံးခန်းလိုဖြစ်အောင် တတ်နိုင်သမျှ ပြင်ထားသည်။ တစ်လုံးတည်းသော စာရေးစားပွဲပေါ်မှာ အိပ်ရာခင်းကို စားပွဲခင်း လုပ်ခင်းထား၏။ ကုလားထိုင်က နှစ်လုံးတည်း ရှိ၏။ ပက်လက်ကုလားထိုင် တစ်လုံး ရှိနေသဖြင့် တော်သေး သည်။

"ဟုတ်ကော ဟုတ်ရဲ့လားကွာ၊ ဒီတစ်ခါလာတာ အမြတ်ခွန်ရုံးကများ ဖြစ်နေလား မသိဘူး"

"ဟာ မင်းကလဲ စောင့်ကြည့်စမ်းပါဦး"

လူငယ်သည် ဆိုင်ကယ်ပေါ်မှ ဆင်းသည်။ ဆိုင်းဘုတ်ရှိရာသို့ လျှောက်သွားပြီး သေသေချာချာ ဖတ်သည်။ ထို့နောက် ခေါင်းတစ်ချက် ဆတ်လိုက်ပြီး အိမ်ပေါ် တက်လိုက်၏။

ကိုအောင်ထူးသည် စားပွဲပေါ်မှာ ထိုင်ရင်း တစ်စုံတစ်ရာကို ရေးဟန် ပြုနေသည်။ လူငယ် တက်လာတာ သိသော်လည်း မော့မကြည့်ဘဲ ဖိုင်တွဲ တစ်ခုကို လှမ်းယူ၍ ဟိုလှန်ဒီလှန် လုပ်နေ၏။ ကိုစံပကပင် ခရီးဦးကြို ပြုလိုက်ရ၏။

"လာပါ လာပါ၊ ဘာကိစ္စ ရှိခဲ့လို့ပါလဲ"

လူငယ်က ဝပ်ကင်းရှူးကို ချွတ်ပြီး အိမ်ပေါ် တက်လာသည်။ ထိုအခါမှ ကိုအောင်ထူး မော့ကြည့်ပြီး...

"ထိုင်ပါ"

ဟု လက်ဝါးကို ဖြန့်၍ ထိုင်ခုံကို ညွှန်ရင်း ဟန်ပါပါ ပြောလိုက်၏။ လူငယ်က ဆိုင်ကယ်စီး ဦးထုပ်ကို စားပွဲပေါ်တင်ရင်း ဝင်ထိုင်သည်။ ပက်လက်ကုလားထိုင်မှာ ထိုင်သော ကိုစံပက...

"အခွန် ဦးစီးဌာနကတော့ မဟုတ်ပါဘူးနော်"

"ဗျာ"

လူငယ် ကြောင်တောင်တောင် ဖြစ်သွား၏။ ကိုအောင်ထူးက..."ဟာ ဟော့ကောင်" ဟု ကိုစံပကို လှမ်းဟန့်လိုက်ပြီးမှ လူငယ်ဘက် ပြန်လှည့်၍-

mgyoe.com

m gyoe .com  SAMPLE BOOK 

"ဟဲ ဟဲ ကိုယ်တို့လုပ်ငန်းနဲ့ ပတ်သက်ပြီး အခွန်ဆောင်ဖို့ကိစ္စ ပြောနေကြရင်း ငါ့ညီ ဝင်လာတာ တွေ့တော့ အဟဲ... ဒါနဲ့ ကိစ္စက"

လူငယ်က စကားစရန် တုံ့ဆိုင်းနေသည်။ ။ ဒါကို ရိပ်မိသော ကိုအောင်ထူးက...

"ပြောသာ ပြောပါ၊ အစ်ကိုတို့ကို ညီအစ်ကို အရင်းလို သဘောထားပြီး ပွင့်ပွင့်လင်းလင်း တိုင်ပင်နိုင်ပါတယ်"

ဒီတော့မှ လူငယ်လည်း အနည်းငယ် ရဲတင်းလာပြီး...

"ဒီလိုပါ... ကျွန်တော့်မှာ ပြဿနာလေး တစ်ခု ကြုံနေရလို့၊ အဲဒါ... အစ်ကိုတို့ဆီက အကူအညီများ ရမလားလို့"

ပိုက်ဆံချေးမလို့လား မသိဘူးဟု ကိုစံပ တွေးလိုက်သေးသည်။

ကိုအောင်ထူးကတော့...

"ဘာလဲ၊ အချစ်နဲ့ ပတ်သက်တဲ့ ပြဿနာပေါ့ ဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်"

"ဖြစ်ပါတယ်၊ ကိုယ်တို့ ဒီလိုကိစ္စတွေကို ကူညီဖို့အတွက် ဒီအကျိုးဆောင်လုပ်ငန်းကို ဖွင့်ထားတာပဲလေ"

"ဟုတ်ကဲ့... နိုင်ငံခြားမှာတော့ ဒီလိုလုပ်ငန်းမျိုးတွေ တော်တော်များများ ရှိတယ်လို့ ကြားဖူးတယ်"

"ဒီမှာတော့ အစ်ကိုတို့ ပထမဆုံးပဲ ထင်တယ်"

"အင်း... ဟုတ်တယ်လေ၊ ကိုယ်တို့က သူများထက် ထူးတာကိုမှ လုပ်ချင်တာ၊ စွန့်ဦးတီထွင်သမားတွေ ဆိုပါတော့... ဒါကို အင်္ဂလိပ်လို... အဲ...."

ပိုင်အိုးနီးယား ဆိုသော စကားလုံးကို မေ့သွား၏။ ရေဒီယိုကက်ဆက် တစ်မျိုးရဲ့ နာမည်နဲ့ တူပါတယ် ဆိုပြီး အပြင်းအထန် စဉ်းစားသည်။ ရုတ်တရက် ပေါ်မလာ။ စကားက စပြီးပြီ ဖြစ်သဖြင့် ဆက်မပြောလို့လည်း မဖြစ်။ ကောင်လေးကလည်း တလေးတစား နားစွင့်နေသည်။ ထို့ကြောင့် စိတ်ကူးတည့်ရာ...

"ပင်နာဆိုးနစ်... အဲ အဲ... ဆောရီး"

"ပိုင်အိုးနီးယားကို ပြောတာလား အစ်ကို"

ဟု ကောင်လေးက ဝင်ထောက်မှ...

mgyoe.com

mgyoe.com

"အဲ... ဟုတ်တယ်၊ ပါးစပ်ဖျားလေးတင် မေ့နေတာ၊ မင်းက မဆိုးဘူးပဲကွ၊ ငါတို့နဲ့ ပေါင်းလို့ ရနိုင်တယ်။ ကိုယ်တော့ သဘောကျသွားပြီဟေ့"

ကိုအောင်ထူးက ကောင်လေး၏ ပခုံးကို လှမ်းပုတ်ရင်း ပြောသည်။ ကောင်လေးက မဝံ့မရဲဟန်ဖြင့်...

"ဟို... ကျွန်တော် သိချင်တာလေး တစ်ခုလောက် မေးပါရစေ"

"မေးပါ... မေးပါ၊ ပွင့်ပွင့်လင်းလင်းသာ မေးပါ"

"တခြား မဟုတ်ပါဘူး၊ ကျွန်တော့်ကိစ္စအတွက် အကျိုးဆောင်ခ အဲ... ညဏ်ပူဇော်ခ ပေါ့လေ၊ ဘယ်လောက် ချီးမြှင့်ရမလဲ ဆိုတာ သိပါရစေ"

"ဒါကတော့ စေတနာ ရှိသလောက်ပေါ့"

ဟု ကိုစံပက ဝင်ပြောသည်။ တစ်လျှောက်လုံး ကိုအောင်ထူးကသာ ပြောနေသဖြင့် သူက အရေးမပါသလို ဖြစ်နေတာကို ကာကွယ်သည့်အနေဖြင့် အခွင့်အရေး ရတုန်း လွတ်ခနဲ ဝင်ပြောလိုက်ခြင်း ဖြစ်၏။ သူ့မှာလည်း ဆုံးဖြတ်ပိုင်ခွင့်တွေ ရှိပါတယ်ဟု သိစေချင်သော သဘော။ သို့ရာတွင် သူ ပြောလိုက်ပုံက နည်းနည်း နုပ်သွားသည်။

ထို့ကြောင့် ကိုအောင်ထူးက မျက်နှာရိပ် မျက်နှာကဲဖြင့် ဟန့်ထားလိုက်သည်။ တကယ်တော့လည်း ဘယ်လောက်ယူရ ကောင်းမလဲ ဆိုတာ သူကိုယ်တိုင်တောင် မဆုံးဖြတ်နိုင်သေး။ ငွေ ဘယ်လောက် ဆိုပြီး ပြောလိုက်လို့ တစ်ဖက်က တွန့်သွားမှာကိုလည်း စိုးရိမ်သည်။ တော်ကြာ ကျွန်တော် အဲဒီလောက်တော့ မတတ်နိုင်ဘူး ဆိုပြီး နောက်ဆုတ်သွားလျှင် ခက်မည်။ လာဘ်ဦးကို အလွဲမခံနိုင်။ ထို့ကြောင့် စကားလှအောင် ပြောရသည်။

"ဒီလို ရှိတယ်လေ၊ ကိုယ်တို့က စီးပွားရေးသဘော သက်သက်လုပ်တာ မဟုတ်ဘူး၊ ကသိုလ်လဲ ရ၊ ဝမ်းလဲ ဝ ဆိုတာမျိုးပါ။ ငါ့ညီရဲ့ကိစ္စ အောင်မြင်ပြီ ဆိုမှ စေတနာအလျောက် ထိုက်သင့်သလို ချီးမြှင့်ပေါ့၊ ဒီကြားထဲမှာတော့ စားရေးသောက်ရေး အတွက်ရယ်... ခရီးစရိတ်ရယ် ဆိုရင် ရပါပြီ"

"ဪ... ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါပြီ"

ကိုစံပသည် သူပြောသမျှ အဟန့်ခံနေရသဖြင့် နည်းနည်းအောင့်သက်သက် ဖြစ်နေ၏။ ထို့ကြောင့် အရေးကြီးသော ကိစ္စကို သူ ဦးအောင်မေးမှ ဖြစ်မည်ဟု တွေးပြီး...

mgyoe.com

m g y o e . com  SAMPLE BOOK 

"ဒါနဲ့ မင်း နာမည် မသိရသေးဘူး"

"ဇော်မျိုးနိုင်ပါ ခင်ဗျာ"

"ဇော်မျိုးနိုင်တဲ့၊ မှတ်ထားလိုက်ဦး"

ကိုအောင်ထူးကို လှမ်း၍ ညွှန်ကြားလိုက်၏။ ကိုအောင်ထူးလည်း 'အင်း' ဆို ယောင်ယောင်ကန်းကန်း ရေရွတ်ရင်း ဖိုင်တွဲကို လှန်၍ ကြံ့ရာနေရာမှာ မှတ်လိုက်ရသည်။ ကိုစံပက ဆက်မေးသည်။

"အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်နှစ်နှစ်ပါ"

ကိုစံပက 'မှတ်လိုက်' ဆိုသော သဘောမျိုး မေးဆတ်ပြသဖြင့် ကိုအောင်ထူး မှတ်ရပြန်သည်။

"ကျောင်းတက်နေတုန်းလား"

"သဘော်ာ တစ်ခေါက် လိုက်ပြီးပါပြီ၊ ခုကိစ္စ အဆင်ပြေပြီးမှ နောက် တစ်ခေါက် ပြန်တက်မယ်လို့ စဉ်းစားထားပါတယ်"

ထို့နောက် ကိုစံပက မေးခွန်းတစ်ခု ထပ်မေးပြန်၏။

"အကျင့်စာရိတ္တကောင်းကြောင်း ရဲစခန်းက ထောက်ခံချက်ပါသလား"

ဇော်မျိုးနိုင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ကိုစံပကတော့ လုပ်ချ လိုက်ပြန်ပြီ။ ကိုအောင်ထူးသည် ဇော်မျိုးနိုင် ရှေ့မှာ ကိုစံပနှင့် အချေအတင် မဖြစ်ချင်။ တော်ကြာ အထင်သေးစရာ ဖြစ်မည်။ ထို့ကြောင့် "အဲဒါတော့ မပါဘူး" ဟု ဇော်မျိုးနိုင် ပြောလိုက်စဉ်...

"သူ့အကျင့်စာရိတ္တ ကောင်းကြောင်း ငါ ထောက်ခံတယ်ကွ၊ ဘယ့်နှယ် ကွာ... လူပုံစံကို ကြည့်တာနဲ့ အသိသာကြီးပါကွာ၊ ဒီလောက် သန့်ပြန့်ပြီး အဆင့် ရှိတဲ့ ရုပ်ကို၊ ဘာပဲဖြစ်ဖြစ် မင်းကို ကူညီဖို့ ငါတို့ သဘောတူ လက်ခံတယ်ကွာ၊ ဟုတ်တယ် မဟုတ်လား"

ဇော်မျိုးနိုင်ကို ပြောပြီး ကိုစံပဘက် လှည့်၍ မသိမသာ မျက်စိမှိတ်ပြ လိုက်သည်။ ကိုစံပက သဘောပေါက်သွားပြီး...

"အေး... ဟုတ်တယ်၊ ငါက ထုံးစံအတိုင်းသာ မေးရတာ၊ မင်းဟာ ရိုးသားမှု အပြည့်ရှိတယ် ဆိုတာ လူကြည့်တာနဲ့ သိပြီးသားပါ။ ဒီတော့ မင်းမှာ ဖြစ်ပေါ် ကြုံတွေ့နေရတဲ့ ပြဿနာကိုသာ တင်ပြပေတော့"

m g y o e . c o m

mgyoe.com SAMPLE BOOK


ဇော်မျိုးနိုင်က "ဒီလိုပါ... အစ်ကိုတို့ရာ" ဆိုပြီးတော့ စကားစလိုက်စဉ် ကိုအောင်ထူးက ဖြတ်၍...

"နေဦးလေ... ဒီလို အချစ်နဲ့ ပတ်သက်တဲ့ ခံစားမှုမျိုး ဆိုတာ ဒီအတိုင်း ခြောက်ကပ်ကပ်ကြီး ပြောလို့ ကောင်းတာ မဟုတ်ဘူး၊ နည်းနည်းပါးပါး စားသောက်ပြီး ပြောမှ ပိုပြီး ခံစားချက် ပေါ်လွင်မှာပေါ့"

"အေး... ဟုတ်တယ် ဟုတ်တယ်"

ကိုစံပကလည်း ဝင်ထောက်ခံသည်။ ဇော်မျိုးနိုင်ကလည်း...

"ဟုတ်ကဲ့... ရပါတယ်၊ ကောင်းပါတယ်"

ဟု သဘောတူလိုက်ရ၏။

❦

သူတို့တာသာ ဆိုလျှင် ဘီအီးကိုတောင် အကန့်အသတ်နှင့် သောက်နေရသူများ ဖြစ်သဖြင့် အခွင့်အရေးရတုန်း ဗိမ်ကျကျ သောက်လိုက်မည်ဟု စိတ်ကူးသည်။ သိပ်မူးလို့တော့ မဖြစ်။ ပြီးတော့ အကုန်အကျ သိပ်များသွားပြန်လည်း ဇော်မျိုးနိုင် လက်လန်သွားမှာ စိုးရသည်။ ထို့ကြောင့် အလယ်အလတ် အဆင့်ရှိသော ဘီယာ စတေရှင် တစ်ခုမှာပဲ ထိုင်ကြ၏။

ဘီယာတစ်ကရားနှင့် အမြည်းများ မှာသည်။ ကိုအောင်ထူးက ဦးဆောင်၍ ခွက်ထဲ ငှဲ့ပေးသည်။ ဇော်မျိုးနိုင် ရှေ့က ဖန်ခွက်ထဲ ထည့်မည်အပြု ဇော်မျိုးနိုင်က လက်ကာပြီး...

"ကျွန်တော် မသောက်တတ်ဘူး ခင်ဗျ"

"ဟော... ဒါနဲ့ မင်းက သဘော်သားဆို"

"သဘော်သား ဆိုတာနဲ့ပဲ အရက်သောက်ရမှာလား အစ်ကိုရ"

ကိုအောင်ထူးက ကိုစံပဘက် လှည့်၍...

"တွေ့တယ် မဟုတ်လား၊ ဒါကြောင့် သူ့အကျင့်စာရိတ္တ ကောင်းပါတယ်လို့ ငါ ထောက်ခံခဲ့တာပေါ့"

"ဒါဆို ငါတို့ကတော့ မကောင်းဘူးပေါ့"

"ငါတို့က စဉ်းစားချင့်ချိန်တတ်တဲ့ အရွယ် ရောက်ပြီလေ"

ဇော်မျိုးနိုင်အတွက် အချိုရည်တစ်ပုလင်း မှာလိုက်သည်။ ကိုစံပနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


ကိုအောင်ထူးတို့ကတော့ ခွက်ချင်း တော့လိုက်ပြီးနောက် တစ်ဝက်လောက်စီ ကျိုးအောင် မော့လိုက်ကြသည်။

"ကဲ... ဒီလောက်ဆို ပြောကောင်း ဆိုကောင်း... အဲ... နားထောင်ကောင်းဖြစ်ပြီ။ မင်းရဲ့ ခံစားချက်တွေကို ပြောပေတော့"

ဇော်မျိုးနိုင်၏ မျက်နှာပေါ်မှာ အဆွေးရိပ်သန်းသွား၏။ သူသည် သောက်မထားသော်လည်း မျက်လုံးများ ရီဝေလာသည်။

"သူ့ကို ကျွန်တော် တစ်ခုသော သင်္ကြန်မှာ စတွေ့ခဲ့တာပါ"

♥

mgyoe.com

mgyoe.com SAMPLE BOOK

## (၈)



အမိုးဖွင့်ဂျစ်ကား တစ်စီးဖြင့် သူငယ်ချင်းတွေ စုပြီး လျှောက်လည်ကြသည်။

ခေတ်တွေ ဘယ်လို ပြောင်းပြောင်း၊ ဟိုင်းလပ်၊ စူပါရု၊ ပါဂျရို၊ ပရာဒို၊ လင်ခရူဆာ ကားအသစ်အဆန်းတွေ ဘယ်လောက်ပေါ်ပေါ် သကြံန်မှာတော့ ဂျစ်ကားကို ပစ်ပယ်လို့ မရ။

ဟိုင်းလပ်က အကြမ်းခံတာတော့ မှန်သည်။ သို့ရာတွင် စည်းစည်းလုံးလုံး မရှိ၊ ချောင်ကြို့ချောင်ကြား ဝင်ရထွက်ရတာ မကောင်း၊ ပတ်ဘလစ်ကာတို့၊ ဆန်နီတို့ကျတော့ နုသည်။ လူများများ တက်စီးလျှင် ဖင်ထိုင်ချင်ပြီ။ ကားကောင်းပြန်တော့ ဆေးပွန်းမှာ၊ ဘော်ဒီနာမှာ စိုးလို့ ညှာရသည်။ ရှေ့မှန်ကွဲမှာ ကြောက်ရသည်။

ဂျစ်ကားကတော့ လူ ဘယ်နှယောက် တက်မလဲ၊ လာထားပဲ။ ဘယ်လောက် ဝိတ်များများ ရုန်းနိုင်သည်။ ဘော်ဒီကို တဒုန်းဒုန်း ထုဦးမလား၊ ရေခွက်

mgyoe.com

m gyoe.com  SAMPLE BOOK 

တွေနဲ့ တဒေါင်ဒေါင် ခေါက်မလား၊ ဘောနက်ပေါ် တက်ထိုင်မလား၊ မတ်ကပ်ပေါ်မှာ တွဲလောင်းထိုင်မလား၊ ရတယ်။

လွတ်လွတ်လပ်လပ် မတ်တတ်ရပ်ပြီး စီးလို့ ရသည်။ တာလပတ် အမိုး ဖြုတ်လိုက်ရုံဖြင့် ကိစ္စလည်း ပြီးသည်။ အမိုးကိုင်းတွေကလည်း လက်ရန်းကို ပတ်လည် ကာပေးထားသဖြင့် ပြုတ်ကျမှာ မပူရ။ အကြမ်းခံသလားလည်း မမေးနဲ့။ စကတည်းက စစ်မြေပြင်မှာ သုံးဖို့ ရည်ရွယ်ပြီး ထုတ်လုပ်ခဲ့တာကိုး။ ခုတော့ သင်္ကြန်မှာ အကောင်းဆုံး အသုံးတော်ခံတဲ့ ကားမျိုး ဖြစ်နေပြီ။

ရုပ်ရှင်မင်းသား ကိုဇော်ဝမ်းလိုပေါ့။ နောက်ပေါ်တဲ့ စတီရီယို အဆိုတော်တွေ ဘယ်လောက် နာမည်ကြီးကြီး၊ သင်္ကြန်မှာတော့ သူ့ကို ကျော်လို့ မရဘူးလေ။ ကိုဇော်ဝမ်းရယ်၊ မြနန္ဒာသီချင်းရယ်၊ တူးပို့တူးပို့ ဆိုတဲ့ မန္တလေး ဒိုးသံရယ်၊ ဂျစ်ကားရယ်၊ သူတို့က သင်္ကြန်ကို လွှမ်းမိုးထားတယ်လို့ ဆိုရမှာပဲ။

သူငယ်ချင်းတစ်သိုက် ရေပက်မဏ္ဍပ်တွေ စုံအောင် လျှောက်သွားကြပြီးတော့ တစ်ယောက်က လမ်းမကြီးတွေမှာ ရေပက်ခံရတာ ငြီးငွေ့သွားပြီ။ လမ်းကြိုလမ်းကြား ဝင်ရအောင်ဟု ဆိုသဖြင့် ရပ်ကွက်တစ်ခုထဲ ကားကို မောင်းဝင်ခဲ့ကြ၏။

ပလတ်စတစ်ခွက်ကလေးတွေ၊ အချိုရည်ဘူးခွံကလေးတွေနဲ့ ပက်နေကြသော ကလေးတစ်သိုက်ရှေ့မှာ ကားကို ရပ်ပေးပြီး စိတ်ကြိုက် ပက်ကြကွာ ဟု ပြောရာ နှစ်ယောက်၊ သုံးယောက်ကသာ တစ်ခွက် နှစ်ခွက် ပက်သည်။ ချာတိတ်တစ်ယောက်က...

"ဒီအစ်ကိုကြီးတွေကို မပက်နဲ့ကွ၊ ရေကုန်တယ်၊ ကားပေါ်မှာ မိန်းကလေးလဲ တစ်ယောက်မှ မပါဘူး"

ဆိုသဖြင့် ရယ်ကြရသေးသည်။ ချာတိတ်တွေကို နှုတ်ဆက်ပြီး ကားဆက်မောင်းလာသည်။ တစ်နေရာရောက်တော့ မိန်းကလေး တစ်ယောက်နှင့် ဆယ်နှစ်ကျော်ကျော်ကျော် ရှိမည့် ချာတိတ်လေးတစ်ယောက်တို့ ရှေ့က လျှောက်လာတာ မြင်ရသည်။

ကောင်မလေးက ယောဂီရောင် ထဘီ၊ အင်္ကျီလက်ရှည် အဖြူပေါ်မှာ ယောဂီတဘက်ကို လက်ကတော့ ထိုးထားသည်။ လက်က လေးဆင့်ချိုင့် တစ်ခုကို ဆွဲလာသည်။ ဥပုသ်သည်လေး ဖြစ်လိမ့်မည်။ ဘုန်းကြီးကျောင်း သွားမလို့လား၊ ပြန်လာတာလား မသိ။

mgyoe.com

mgyoe.com  SAMPLE BOOK 

ထူးခြားမှုကတော့ ကောင်မလေးက တော်တော်လှသည်။ ဉပုသ်သည်မို့ ဘာမှ လိမ်းခြယ်မထားသော်လည်း သူ့အလှက ပေါ်လွင် ထင်ရှားနေ၏။ ဒီလို အရွယ်၊ ဒီလိုလှတဲ့ မိန်းကလေး တစ်ယောက် သင်္ကြန်ခါကြီးမှာ အပျော်အပါး မဖက်ဘဲ နေနိုင်တာ ခုချိန်မှာတော့ ရှားရှားပါးပါးပဲ။

သူငယ်ချင်းတွေက ကောင်မလေးကို လက်ညှိုးထိုးပြီး "အဘွားကြီး၊ အဘွားကြီး" ဟု အော်၍ စကြနောက်ကြသည်။ ဇော်မျိုးနိုင်က...

"ဟေ့ကောင်တွေ၊ ဉပုသ်သည်နဲ့ တူတူတယ်ကွ၊ မနောက်ကြပါနဲ့"

ဟု ဟန့်တားသည်။ အများစုက အသံတိတ်သွားသည်။ တစ်ယောက် ကတော့ "အန်းတိတ်ကြီး၊ အန်းတိတ်ကြီး" ဟု အရှိန်မသတ်နိုင်ဘဲ တစ်ခွန်း ထပ် အော်သည်။

ကောင်မလေးက ရှက်ပြီး ခေါင်းငုံ့သွား၏။ ချာတိတ်က လက်သီးထောင် ပြသည်။ သူတို့ ရယ်ကြသောအခါ ချာတိတ် စိတ်ဆိုးပြီး လမ်းဘေးက ခဲတစ်လုံးကို ပြေးကောက်သည်။ ကောင်မလေးက တစ်စုံတစ်ခု ပြောပြီး ချာတိတ် လက်ကို ဆွဲထား၏။

သူတို့ အုပ်စုလည်း လက်များကို ဝှေ့ယမ်း နှုတ်ဆက်ပြီး ကားကို မောင်း ထွက်လာခဲ့ကြသည်။

❀

သေနတ်က အလွန်လှသည်။ နက်မှောင် ပြောင်လက်ပြီး ဒင်ကတော့ ဆင်စွယ်ရောင် ဖြစ်၏။ လက်ထဲမှာ ဆုပ်ကိုင်ထားသောအခါ အရွယ်အစားရော အလေးချိန်ပါ အနေတော်ပဲ။ ပစ်မှတ်ကို တည့်တည့်ချိန်ပြီး မောင်းကို ညှစ်လိုက်သည်။ တည့်တည့် ထိမှန်သည်။

ပစ်မှတ်သည် တွန့်ခနဲ ဖြစ်သွားပြီး တစ်စုံတစ်ခုကို မသဲမကွဲ ရေရွတ် လိုက်သည်။ သေနတ်ထဲမှာ ရိုးရိုးရေ မဟုတ်ဘဲ ရေခဲရေ ထည့်ထားသောကြောင့် ပိုပြီး တာသွားခြင်း ဖြစ်၏။ ရေသေနတ်နှင့် အပက်ခံရသော ကောင်မလေးသည် မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

နေ့ခင်းဘက်မှာ ရေတွေ ပုံးလိုက် လောင်းရတာ၊ ရေပိုက်နဲ့ ရွှဲနေ အောင် ပက်ရတာက အရသာတစ်မျိုး၊ ခုလို ညဘက် ခြောက်ခြောက်သွေ့သွေ့

mgyoe.com

 SAMPLE BOOK 

ရှိနေသော အချိန်ကျမှ မဏ္ဍပ်တွေမှာ လာပြိုင်သော အလှပြကားတွေ လျှောက်ကြည့်ရင်း ရေသေနတ်ကလေးနဲ့ မစိုမပို ပက်ရတာကလည်း အရသာ တစ်မျိုး။ ရေခဲရေကလည်း စိုတယ်ဆိုရုံလေး ထိသွားပေမဲ့ ရုတ်တရက်ဆို စူးခနဲ၊ စိမ့်ခနဲ အေးသွားတတ်သည်။ ထိမှန်သူ မှန်သမျှ တွန့်ခနဲ မဖြစ်ဘဲ မနေနိုင်။

တချို့ဆို လန့်ပြီး နှုတ်က အို... ဟင် ဆိုပြီးတောင် လွှတ်ခနဲ ရေရွတ်မိကြသည်။ အင်္ကျီလက်ပြတ် ပါးပါးလေး ဝတ်ထားသော အမျိုးသမီးတစ်ယောက်ကို နောက်ကနေ ပက်လိုက်သောအခါ...

"ဟဲ... သောက်ပလုတ်တုတ်"

အသံထွက်ပြီး လှည့်ကြည့်တော့မှ မိန်းမအစစ် မဟုတ်မှန်း သိရ၏။ ဝတ်စားပုံရော၊ ဆံပင်ပုံစံရော၊ မျက်နှာကို ပြင်ဆင်ထားပုံရော တကယ့်မိန်းကလေး အတိုင်းပဲ။ အသံကတော့ အောအောကြီး။

"ဟယ်... လန့်လိုက်တာ၊ ရေခဲရေတွေ ထည့်ပက်တာကိုး၊ သူ တော်တော်ဆိုးတယ်"

ဟု ကန့်ကလန့် ပြောရင်း ဇော်မျိုးနိုင်ကို အကဲခတ်ကြည့်လိုက်ပြီးမှ...

"ဒါပေမဲ့ တို့ စိတ်မဆိုးပါဘူး၊ ချစ်လို့ ကျီစယ် စိုသွားတယ်၊ ဘာဖြစ်လဲ၊ ဘာဖြစ်လဲပေါ့နော်၊ သူ တစ်ယောက်တည်း မဟုတ်လား၊ အတော်ပဲ၊ သူများလဲ အဖော်မရှိတာနဲ့"

ဇော်မျိုးနိုင် လန့်သွား၏။ ထို့ကြောင့်...

"အဲ... အဲ... ဆောရီးနော်၊ သွား... သွားဦးမယ်"

ဆိုပြီး ဇော်မျိုးနိုင် ခပ်သုတ်သုတ် လစ်ထွက်ရ၏။

"ဟင်း... သူပဲ လူကို လာစပြီးတော့ ထွက်ပြေးရက်တယ်"

ဟု မကျေမချမ်း ပြောသံကို ကြားလိုက်ရသည်။ ဇော်မျိုးနိုင်လည်း နောက်က လိုက်လာမှာ စိုးသဖြင့် လူများကို ကွေ့ပတ်ရှောင်ပြီး ပြေးရသည်။ တစ်နေရာတွင် တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိ၏။

"ဟာ... ဆောရီး"

"လူတစ်ယောက်လုံး မမြင်ဘူးလား၊ မျက်စိကန်းနေလား"

ဂျစ်ကန်ကန် အသံလေးကို ကြားရ၏။ ကြည့်လိုက်တော့ ချာတိတ်လေး တစ်ယောက်။ ပြီးတော့ ဘေးမှာ...

mgyoe.com